ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့ (4-3-2014) (၇၇၇၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် နေ့အပူချိန်များ

ချောက်

၄၀ ဒီဂရီစင်တီဂရိတ်

အောင်လံ

၃၉ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအား ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် မစ္စရှိတ်ဟာဆီနာ၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ တီရှားရင်းတော့ဂေး၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး၊ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆူရှီးကွိုင်ရာလာ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်နိုင်ငံသမ္မတ မစ္စတာ မဟိန္ဒာ ရာဂျပက်ဆာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် အမြဲတမ်းအတွင်းဝန် Mr. Sihasak Phuangketkeow၊ ပြည်ထောင်စု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

(၁၄)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃

(၁၄)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Md.Shahriar Alam၊ ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Lyonpo Rinzin Dorje၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr. Salman Khurshid၊ အိမ်ရှင်မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Mahendra B. Pandey၊ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. (Prof.) G.L.Peiris၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် အမြဲတမ်းအတွင်းဝန် H.E.Mr. Sihasak Phuangketkeow နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကားပြောကြားပြီး ဘင်းမ်စတက်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၁၄)ခုအပေါ် အမြင်ချင်းဖလှယ်ခြင်း၊ (၁၆)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးအစီရင်ခံစာကို အတည်ပြုခြင်းနှင့် တတိယအကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အပြီးသတ်ဆုံးဖြတ်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဘင်းမ်စတက်အဖွဲ့ကြီး၏ ပထမဆုံး အတွင်းရေးမှူးချုပ်အဖြစ်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ယနေ့ **မာတိကာ**

သဘာဝသယံဇာတ အသုံးချ — စာမျက်နှာ - ၂

အစိမ့်ခွေလက်တော်ကင် လမြတ်သဘင် — စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့် ၄-၃-၂၀၁၄၊ အင်္ဂါနေ့

သဘာဝသယံဇာတအသုံးချ

မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေတောတောင် ရာသီဥတုအခြေအနေ အလိုက် သဘာဝသယံဇာတများ နေရာအလိုက် အမျိုးမျိုးရှိကြသည်။ ထိုတည်ရှိနေသော သဘာဝသယံဇာတများကို အကျိုးရှိရှိထုတ်ယူသုံးစွဲရန် လိုအပ်သကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်ပေသည်။

ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းတွင် မတ် ၂ ရက်က သဘာဝ သယံဇာတနှင့် စွမ်းအင်ဆိုင်ရာ မြန်မာနိုင်ငံ အလာအလားနှင့် ပတ်သက် သော စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ရာ တက်ရောက်လာကြသော ပြည်တွင်းပြည်ပ ပညာရှင်များ၏ ဆွေးနွေးချက်များမှာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

ထိုဆွေးနွေးပွဲတွင် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက "စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် အလုံးစုံ တိုးတက်လာမည် မဟုတ် ကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု နည်းစနစ်များ ကျယ်ပြန့်စွာ အသုံးချလျက်ရှိပြီး မြန်မာ့ရေမြေသယံဇာတ များ ထိန်းသိမ်းရာတွင်လည်း ဖွံ့ဖြိုးတိုးတက်သော နည်းပညာများဖြင့် ကူညီ ပံ့ပိုးသွားရန် အဆင်သင့်ရှိကြောင်း" ပြောကြားသွားခဲ့ပေသည်။

နော်ဝေနိုင်ငံသည် ရေမြေသဘာဝနှင့် သယံဇာတများ အထူး ကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်မှု အပိုင်းတွင်လည်း အဆင့်မြင့်နည်းစနစ်များဖြင့် ဆောင်ရွက်နေသော နိုင်ငံ ဖြစ်သည်။ ထိုကဲ့သို့သော နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံအား ကူညီဆောင်ရွက် ပေးမည်ဟု ကြားသိရသဖြင့် မြန်မာနိုင်ငံတွင် လိုအပ်နေသော သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းစနစ်အတွက် များစွာအားတက်မိသည်။

မြန်မာနိုင်ငံတွင် တည်ရှိနေသည့် သဘာဝသယံဇာတများမှာ လျှပ်စစ် ကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့် ကဏ္ဍများတွင် အလားအလာကောင်းများစွာ ရှိနေပေသည်။ ထိုအလားအလာကောင်းများ နှင့် လက်ရှိဆောင်ရွက်နေသော နော်ဝေနိုင်ငံ၏ အတွေ့အကြုံကောင်းများ ပေါင်းစပ်မှုဝေဆောင်ရွက်သွားခြင်းဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်လာမည်ဖြစ်သည်။

ကောင်းမွန်သော သဘာဝသယံဇာတများကို ကောင်းမွန်မှန်ကန်သော စီမံခန့်ခွဲမှုစနစ်များဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမှသာလျှင် ဘေးထွက်ဆိုးကျိုး နည်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ရရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိနိုင်ရန်မှာ နည်းပညာတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားနိုင်မှုအပေါ် တွင် မူတည်ပေသည်။

မြန်မာနိုင်ငံရှိ ရေမြေသယံဇာတများအား လွဲမှားသော အသုံးချမှုများကို လျှော့ချပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအသွင်ကို ဆောင်နိုင်မှသာလျှင် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုး တိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည်။ သို့မှသာ ပြည်တွင်းပြည်ပ ရင်းနှီး မြှုပ်နှံမှုများလည်း တိုးတက်ဝင်ရောက်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကို လိုက်လျောညီထွေစွာ ဆောင် ရွက်နိုင်မည်ဖြစ်သည်။

ယနေ့ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နေသော လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး အခြေခံအဆောက်အအုံများကို မြန်မြန်ဆန်ဆန်တည်ဆောက်နေ ရာတွင် အမြဲတမ်းတည်တံ့ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက် နိုင်ရန်မှာ အသစ်ပြန်လည်အသုံးချနိုင်သော စွမ်းအင်ကဏ္ဍဖြစ်ထွန်းရေး၊ ဇီဝမျိုးစိတ်မျိုးကွဲများကို အလေးထားထိန်းသိမ်းနိုင်ရေး၊ ရှားပါးတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မသွားရေး စသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်သွားမှသာလျှင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိခံစားနိုင်မည်ဖြစ်သည်။

ထိုသို့ ဖြစ်ပေါ်စေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ ပညာရှင်များအားလုံးပါဝင်ကြကာ သဘာဝသယံဇာတ၊ စွမ်းအင်ထုတ်လုပ်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကောင်းမွန်သော အမြင်၊ မှန်ကန်သော ဆောင်ရွက်ချက် များနှင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရပေလိမ့်မည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ အခြေအနေမှာ ယခင်နှင့်မတူဘဲ ပွင့်လင်းမြင်သာမှုများ၊ ယုံကြည်နားလည်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိက ကဏ္ဍဦးစားပေးမှုများ စသည့် တိုးတက်ဖြစ်ထွန်းမှုများစွာဖြင့် ကောင်းမွန် သော အနာဂတ်သို့ တက်လှမ်းနေသော အချိန်ကောင်းဖြစ်သည်။ ထိုသို့ သောကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ရေရှည်တည်တံ့သော သဘာဝသယံဇာတ အသုံးချထိန်းသိမ်းရေးလုပ်ငန်းတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာမဏ္ဍိတ အရှင်တိလောကာဘိဝံသ၏ သက်တော် (၇၅) နှစ်ပြည့် မင်္ဂလာကျင်းပ

ရန်ကုန် မတ် ၃

တိုင်းဒေသကြီး အင်းစိန်မြို့နယ် နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန် ရွာမပရိယတ္တိစာသင်တိုက် ဦးစီး နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ၏ သက်တော် (၇၅)နှစ်ပြည့် စိန်ရတု ဝိဇာတ မဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ စာသင်တိုက်ကြီး၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီး ဒေါ်ခင်မလေး၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ် အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အလှူ ရှင်များက ဆရာတော်သံဃာတော် များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၁ နှင့် ၂ ရက်တို့တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက် ခြေနီတပ်ဖွဲ့ဝင်များ၊ တပ်မတော်သား များနှင့် ရွှေတိဂုံစေတီတော်တတ်အသင်း အဖွဲ့ဝင်များ၊ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော် ကြီး၌ သန့်ရှင်းရေးလုပ်အားပေးနေ မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှာ ဝန်ကြီးဌာန၏ ကိုယ်ပွားအဖွဲ့အစည်းဖြစ်

နေပြည်တော် မတ် ၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မတ် ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ မြန်မာနိုင်ငံ ဆောက် လုပ်ရေးလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းရှင် များအသင်းမှာ မိမိတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်ဆက်စပ်မှုရှိပြီး ဝန်ကြီးဌာန ၏ ကိုယ်ပွားအဖွဲ့အစည်းများဖြစ်ပါ ကြောင်း၊ နောင်တွင် (Public Private Partnership) (P.P.P)အဖြစ် ဆောင် ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ အားလုံး ပြည်သူကိုဗဟိုပြု၍ ပြည်သူ များ ပါဝင်သော တိုင်းရင်းသား လုပ်ငန်းရှင်များ ပါဝင်ရမည်ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ တက်ရောက် လာကြသူများမှ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်အပ်ပါ ကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ဆောက်လုပ် ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသာဌေး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုး ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း)နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နည်းလမ်း ပေါင်းစုံ အသုံးပြု၍ ဆောင်ရွက်ရ မည်ဖြစ်ပြီး ပြည်သူအားလုံး၏ဆန္ဒ သည်လည်း အမြန်ဆုံးဖွံ့ဖြိုးတိုးတက် ရန်ပင်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများဖြင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် ရန်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေ ဖြင့် ဝိုင်းဝန်းပူးပေါင်း၍ အစွမ်းကုန် ကြိုးစားဆောင်ရွက်နိုင်ကြပါရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ရွှေဈေး၊ လောင်စာဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရွှေဈေး	မတ် ၃	
ရန်ကုန် ရွှေဈေး	၆၈၄၀၀၀	- ၆၈၅၀၀၀
မန္တလေး ရွှေဈေး	၆၈၄၀၀၀	- ၆၈၅၀၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၃. ၈
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၅. ၀၈
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၉. ၉၇
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၁၈၁
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၁၀
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၀၇
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၇၀. ၀၅
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၅၂
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၄. ၉၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



ပြည်တွင်းရေးရာ

❖ **နိုင်ငံတော်သမ္မတမှ**

ဝန်ကြီးများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးနှင့် ပြည်ပရေးရာ ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးအကြီးအကဲ Mr. Putu Kamayana၊ ဘင်းမ်စတက်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရွှေဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဝင်ခန်းမကြီး၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ရွှေဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုညစာစားပွဲ ဆုတောင်းမိန့်ခွန်း ပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ မိမိအနေဖြင့်လည်း အဆွေတော်တို့အားလုံးကို နေပြည်တော်တွင် တွေ့ဆုံခွင့်ရရှိသည့်အတွက် ကျေနပ်ဝမ်းမြောက်မိပါကြောင်း။

ယခု ထိပ်သီးအစည်းအဝေးကို အဆွေတော်တို့ ပါဝင်တက်ရောက်ခြင်းသည် ဘင်းမ်စတက်အဖွဲ့ကို နိုင်ငံ့ခေါင်းဆောင်များက နိုင်ငံရေးအရ အပြည့်အဝထောက်ခံအားပေးလျက်ရှိကြောင်းကို ထုတ်ဖော်ပြသခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဘူတန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ တီရှားရင်းတော့ဂေးအား ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီးနောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်နိုင်ငံသမ္မတ မစ္စတာ မဟိန္ဒာရာဂျပက်ဆာအား ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီးနောက် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ယခုထိပ်သီးအစည်းအဝေးကနေ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ခိုင်မာစွာယုံကြည်မိပါကြောင်း၊ ယခုကဲ့သို့ နေပြည်တော်တွင် မိမိတို့တွေ့ဆုံပြီး လက်တွဲဆောင်ရွက်ခြင်းမှ အကောင်းဆုံးသောရလဒ်များနှင့် ခိုင်မာသော တိုးတက်မှုများ ရရှိလိမ့်မည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း။

ယင်းသို့ ထွက်ပေါ်လာမည့် လက်ဆုပ်လက်ကိုင် ပြသနိုင်မည့် ရလဒ်များသည် မိမိတို့ပြည်သူပြည်သားများအားလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်တစ်ခုကို ဖန်တီးပေးနိုင်မည် ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က တက်ရောက်လာသူများအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်စဉ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ အဆိုအကများနှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



အာဆီယံအဖွဲ့ကြီးအတွင်း ပါဝင်လုပ်ဆောင်မှုအတွေ့အကြုံများမတူညီကြသော်လည်း အဖွဲ့ဝင်နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 11th ASEAN Military Intelligence Informal Meeting (AMIIM) နှင့် 4th ASEAN Military Operations Informal Meeting (AMOIM) အစည်းအဝေးများသို့ တက်ရောက်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး 11th (AMIIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သော ဘရူနိုင်းနိုင်ငံမှ Col.(L) Abd Rahman Bakar၊ ကမ္ဘောဒီးယားနိုင်ငံမှ Maj.Gen. Sovann Han၊ အင်ဒိုနီးရှားနိုင်ငံမှ Maj.Gen.Tisna Komara W.S.E၊ လာအိုနိုင်ငံမှ Lt. Col. Thongphanh Xingvongxay၊ မလေးရှားနိုင်ငံမှ Lt.Gen. Datuk Abdul Hadi Bin Hj Hussin၊ ဖိလစ်ပိုင်နိုင်ငံမှ Maj.Gen.Virgilio A Henandez၊ စင်ကာပူနိုင်ငံမှ Brig.Gen. Mervyn Tan၊ ထိုင်းနိုင်ငံမှ Lt.Gen. Seehanart Wongsaroj၊ ဗီယက်နမ်နိုင်ငံမှ Lt. Gen. Luu Duc Huy နှင့် 4th (AMOIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သော ဘရူနိုင်းနိုင်ငံမှ Col. Haji Zainal Ariffin Bin Dato Paduka Haji Ahmad၊ ကမ္ဘောဒီးယားနိုင်ငံမှ Brig.Gen. Hang Chenda၊ အင်ဒိုနီးရှားနိုင်ငံမှ Maj. Gen. Ridwan၊ လာအိုနိုင်ငံမှ Lt. Gen. Somphone Mittaphone၊ မလေးရှားနိုင်ငံမှ Brig.Gen.Dato Haji Sanusi Bin Haji Samion၊ ဖိလစ်ပိုင်နိုင်ငံမှ Brig.Gen. Andre P Tanyag၊ စင်ကာပူနိုင်ငံမှ Brig. Gen. Chai Choon Hoong၊ ထိုင်းနိုင်ငံမှ Lt.Gen. Tarnchaiyan Srisuwan၊ ဗီယက်နမ်နိုင်ငံမှ Maj. Gen. Huynh Ngoc Ha တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံ၏ လုပ်ငန်းနယ်ပယ်မှာ လွန်စွာကျယ်ဝန်းသော်လည်း မိမိတို့လူမျိုးတစ်ခုချင်းသည် သွင်ပြင်လက္ခဏာများ များစွာကွာခြားမှုမရှိကြကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံလည်း အကြောင်းအရာအမျိုးမျိုးဖြင့် ထိစပ်မှုရှိနေကြကြောင်း၊ လူဦးရေ လွန်စွာများပြားသည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ထိစပ်နေမှု၊ အိန္ဒိယသမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာတို့နှင့် ဆက်စပ်နေမှုများသည် အရှေ့တောင်အာရှဒေသ၏ ပထဝီဝင် ထူးခြားအရေးပါမှုများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံများအနေဖြင့် နိုင်ငံတစ်ခုနှင့်တစ်ခု အာဆီယံအဖွဲ့ကြီးအတွင်း ပါဝင်လုပ်ဆောင်မှု အတွေ့အကြုံများ မတူညီကြသော်လည်း အဖွဲ့ဝင်နိုင်ငံများ အားလုံး ပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကမှာ အာဆီယံနိုင်ငံများ၏ ညီညွတ်မှုပင်ဖြစ်ကြောင်း၊ အစည်းအဝေးများတွင် ဆွေးနွေးခဲ့မှုများအား လက်တွေ့နယ်ပယ်၌ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ အာဆီယံလုပ်ငန်းနယ်ပယ် အသီးသီးတွင် ပူးပေါင်း ဆောင်ရွက်မှုမှသည် ယုံကြည်မှုများကို ရရှိလာမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုကျင်းပလျက်ရှိသည့် အာဆီယံအစည်းအဝေးများမှ ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

4th ASEAN Military Operations Informal Meeting (AMOIM) အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 4th ASEAN Military Operations Informal Meeting(AMOIM) အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ် Fantastic Hall ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံမှ Col. Haji Zainal Ariffin Bin Dato Paduka Haji Ahmad ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ Bri. Gen. Hang Chenda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံမှ Maj.Gen.Ridwan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံမှ Lt. Col. Somphone Mittaphone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံမှ Brig. Gen. Dato Haji Sanusi Bin Haji Samion ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံမှ Bri. Gen. Andre P Tanyag ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူနိုင်ငံမှ Brig. Gen. Chai Choon Hoong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံမှ Lt. Gen. Tarnchaiyan Srisuwan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံမှ Maj. Gen. Huynh Ngoc Ha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် 4th AMOIM ၏ သဘာပတိ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဗိုလ်ချုပ်မြထွန်းဦးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက် နှုတ်ခွန်းဆက်စကား ပြောကြားကာ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။

ယင်းနောက် သဘာပတိစစ်ဦးစီးအရာရှိချုပ်(ကြည်း) ဗိုလ်ချုပ်မြထွန်းဦးက နိဂုံးချုပ်နှုတ်ခွန်းဆက်စကားပြောကြားကာ ၂၀၁၅ ခုနှစ်တွင် 5th ASEAN Military Operations Informal Meeting (AMOIM) အစည်းအဝေးအား သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်မည့် မလေးရှားနိုင်ငံမှ စစ်ဆင်ရေးမှူးချုပ် Brig. Gen. Dato Haji Sanusi Bin Haji Samion ထံသို့ တာဝန်လွှဲပြောင်းခြင်း အထိမ်းအမှတ် လက်ဆောင်ပေးအပ်သည်။

ထို့နောက် မလေးရှားနိုင်ငံမှ စစ်ဆင်ရေးမှူးချုပ် Brig. Gen. Dato Haji Sanusi Bin Haji Samion က တာဝန်လက်ခံခြင်း အတွက် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဗိုလ်ချုပ်မြထွန်းဦးနှင့် မလေးရှားနိုင်ငံမှ Brig. Gen. Dato Haji Sanusi Bin Haji Samion က အဖွဲ့ခေါင်းဆောင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

4th ASEAN Military Operations Informal Meeting (AMOIM) အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဗိုလ်ချုပ်မြထွန်းဦးနှင့် ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များသည် ညနေပိုင်းတွင် နေပြည်တော် အမရဟိုတယ်ရှိ Bilateral Meeting Room တွင် နှစ်နိုင်ငံသီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်မြထွန်းဦးနှင့် ဘရူနိုင်းနိုင်ငံမှ Col. Haji Zainal Ariffin Bin Dato Paduka Haji Ahmad ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ Maj. Gen.Ridwan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ Bri. Gen.Hang Chenda ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

အလားတူ ဘရူနိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တို့သည်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် လည်းကောင်း နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

11th ASEAN Military Intelligence Informal Meeting (AMIIM) အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 11th ASEAN Military Intelligence Informal Meeting (AMIIM)အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံမှ Col.(L) Abd Rahman Bakar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ Maj.Gen.Sovann Han ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံမှ Maj.Gen. Tisna Komara W.S.E ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံမှ Lt.Col. Thongphanh Xingvongxay ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံမှ Lt.Gen.Datuk Abdul Hadi Bin Hj Hussin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဖိလစ်ပိုင်နိုင်ငံမှ Maj.Gen.Virgilio A Hernandez ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူနိုင်ငံမှ Brig.Gen.Mervyn Tan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံမှ Lt. Gen. Seehanart Wongsaroj ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံမှ Lt.Gen.Luu Duc Huy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ‘ဝ’အထူးဒေသ(၂)၊ မိုင်းလားအထူးဒေသ(၄)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ‘ဝ’အထူးဒေသ(၂) မှ ဦးကျောက်ကျုံးတန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မိုင်းလားအထူးဒေသ(၄)မှ ဦးဆမ်လူခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဦးစဝ်ခွန်ဆိုင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

✻ စာမျက်နှာ ၄ မှ

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ တပ်မတော်အရာရှိကြီးများသည် သက်ဆိုင်ရာစာတမ်းခေါင်းစဉ်များအား နိုင်ငံအက္ခရာစဉ်အလိုက် ဆွေးနွေးကြသည်။

ထို့နောက် 11th ASEAN Chief of Defence Forces Informal Meeting (ACDFIM)၏ ပူးတွဲထုတ်ပြန်ချက်မူကြမ်းအား ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်နှုတ်ခွန်းဆက်စကားပြောကြားပြီး 12th ASEAN Military Intelligence Informal Meeting(12th AMIIM) လက်ခံကျင်းပမည့် မလေးရှားနိုင်ငံမှ Lt.Gen. Datuk Abdul Hadi Bin Hj Hussin က တာဝန်လက်ခံခြင်းအတွက် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက တာဝန်လွှဲပြောင်းခြင်း အထိမ်းအမှတ်လက်ဆောင်အား မလေးရှားနိုင်ငံမှ Lt.Gen.Datuk Abdul Hadi Bin Hj Hussin ထံသို့ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် မလေးရှားနိုင်ငံမှ Lt.Gen.Datuk Abdul Hadi Bin Hj Hussin တို့က အဖွဲ့ခေါင်းဆောင်များအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

11th ASEAN Military Intelligence Informal Meeting (AMIIM) အစည်းအဝေးသို့တက်ရောက်ခဲ့သည့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Bilateral Meeting Room ၌ နှစ်နိုင်ငံသီးခြားစီတွေ့ဆုံပွဲများကို ကျင်းပသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်စစ်ဘက်လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဘရူနိုင်းနိုင်ငံမှ Col.(L)Abd Rahman Bakar ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ Maj. Gen. Sovann Han ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံမှ Maj.Gen.Tisna Komara W.S.E ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံမှ Lt. Gen. Luu Duc Huy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

အလားတူ ဘရူနိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် လည်းကောင်း နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့သင်တန်းနှင့် အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှုလက်မှတ်ရသင်တန်းတို့မှ သင်တန်းသား သင်တန်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၃

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘောဂဗေဒဌာနမှ ဖွင့်လှစ်သည့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့သင်တန်း (Master of Development Studies-MDevs)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အာဆီယံစီးပွားရေးပညာရပ်ကျွမ်းကျင်မှု လက်မှတ်ရသင်တန်း (Certificate in ASEAN Economic Studies-CAES)တို့မှ သင်တန်းသား သင်တန်းသူများအား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် အမျိုးသားလွှတ်တော် စုပေါင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် သင်တန်းသားသင်တန်းသူများက ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင်တက်ရောက်ပြီး လမ်းညွှန်မှာကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သော အထူးလုပ်ငန်းအဖွဲ့၊ အငြိမ်းစားပညာရှင်ကြီးများနှင့် ပြင်ပပညာရှင်များ ပါဝင်သော အကြံပေးအဖွဲ့တို့ကို ၁၈-၁၀-၂၀၁၃ ရက်စွဲပါ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၃ ဖြင့် ထုတ်ပြန်ကြေညာဖွဲ့စည်းပေးခဲ့ပါသည်။

ထို့ပြင် လုပ်ငန်းနယ်ပယ်အလိုက် အသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်း၊ မိဘပြည်သူများထံမှ အကြံဉာဏ်များ ရယူပေါင်းစပ်ဆောင်ရွက်ခြင်း၊ နယ်ပယ်အလိုက်ထားရှိသင့်သော မူဝါဒနှင့် ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် အချိန်ပေးပြီး အထူးပြုဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့(Working Group)ကိုလည်း ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့တွင် ပညာရေးဝန်ကြီးဌာနအပြင် ပညာရေးနှင့် ဆက်စပ်သောဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပလုပ်ငန်းအဖွဲ့အစည်းများမှကိုယ်စားလှယ်များကိုပါ ထည့်သွင်းဖွဲ့စည်းထားပါသည်။ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာ၌ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရာတွင် အဓိကသတ်မှတ်ရန် လိုအပ်သည့် အမျိုးသားပညာရေးဆိုင်ရာ မျှော်မှန်းချက်၊ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊စီမံခန့်ခွဲမှုအရည်အသွေးအာမခံစနစ်များပေါ်ထွန်းလာစေရန်ဦးတည်လျက် ကျယ်ကျယ်ပြန့်ပြန့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းရန် အခွင့်အလမ်းဖွင့်ပေးပြီး အမျိုးသားပညာရေးတွင် တစ်မျိုးသားလုံးပါဝင်ဆွေးနွေးခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR) ၏ အဆင့်(၁)ဖြစ်သော အချိန်တိုအတွင်း အကဲဖြတ်ခြင်းအစီရင်ခံစာပါ အချက်အလက်များကိုရယူပြီး လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများနှင့် ဆက်စပ်လျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များသည် ရန်ကုန်မြို့ စိန်ရတုခန်းမတွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနတွင် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်တွင်လည်းကောင်း၊ မန္တလေးတက္ကသိုလ်တွင်လည်းကောင်း၊ နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန(၅)တွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင်လည်းကောင်း တစ်ဖွဲ့ချင်းအစည်းအဝေး၊ အဖွဲ့ချင်း ပူးပေါင်းညှိနှိုင်းအစည်းအဝေး၊ အဖွဲ့များနှင့်ပညာရေး(Stakeholder)များ အားလုံးပါဝင်သည့် အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများကို အကြိမ်ပေါင်းမြောက်မြားစွာကျင်းပနိုင်ခဲ့ပြီး အကြံဉာဏ်များ ရယူခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း စသည်ဖြင့် လုပ်ငန်းအဖွဲ့လိုက် မူဝါဒနှင့် လုပ်ငန်းစဉ်မူကြမ်းများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့ (Working Group) ၁၈ ဖွဲ့ဖြစ်သော လုပ်ငန်းအဖွဲ့များသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့မှ စတင်၍ တက္ကသိုလ်စိန်ရတုခန်းမ၌ အချိန်ပြည့်ရုံးထိုင်ကာ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် မူဝါဒနှင့်လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းဖော်ထုတ်ခြင်း၊ အဖွဲ့ဝင်များအချင်းချင်း၊ အဖွဲ့အချင်းချင်းနှင့် အခြားသက်ဆိုင်ရာဌာနဆိုင်ရာများပါ ပူးပေါင်းပါဝင်ပြီး အကျေအလည်ညှိနှိုင်းခြင်း၊ အဖွဲ့လိုက်သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ခြင်း၊ သတင်းထုတ်ပြန်ပြီးနောက် မိဘပြည်သူများထံမှ အကြံဉာဏ်များတောင်းခံခြင်း၊ ပညာရေးကိစ္စများဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များ၊ CESR အဖွဲ့နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စသည်တို့နှင့် တွေ့ဆုံညှိနှိုင်းပြီး အကြံဉာဏ်များရယူခြင်းများ ဆောင်ရွက်ခဲ့သည့်နည်းတူ မိဘပြည်သူတစ်ဦးချင်းနှင့် အဖွဲ့အစည်းများမှ e.mail ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ပေးပို့လာသည့်အကြံပြု

ချက်များကိုပါ လက်ခံ၍ စုစည်းထည့်သွင်းစဉ်းစားပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအဖွဲ့များသည် ဝန်ကြီးဌာနများ၊ လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများ၊ ပညာရှင်များ၊ ဆရာဆရာမများ၊ မိဘများ၊ ကျောင်းသားကျောင်းသူများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုအခြေပြုအဖွဲ့အစည်းများ၊ Stakeholder များအားလုံးပါဝင်ပြီး အမျိုးသားပညာရေးအတွက် တစ်မျိုးသားလုံးပါဝင်ဆွေးနွေးမှုများနှင့် ပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ဆွေးနွေးပွဲများကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့အထိ အလွှာအသီးသီးမှ စုစုပေါင်းအင်အား ၈၀၀၀ ခန့်ပါဝင်သော ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက် အကြံပြုချက်များကို ရယူပြီး ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းအဖွဲ့လိုက်တစ်ဖွဲ့ချင်းစီ၏ ပဏာမ အစီရင်ခံစာကို ပြုစုနိုင်ခဲ့ပြီးဖြစ်ပါသည်။

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၃-၁၂-၂၀၁၃ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးရှိ မကွေးတက္ကသိုလ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာတက္ကသိုလ်တို့၌ လည်းကောင်း၊ ၂၄-၁၂-၂၀၁၃ ရက်နေ့တွင် ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုးတက္ကသိုလ်တို့၌လည်းကောင်း၊ ၂၆-၁၂-၂၀၁၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးရှိ ပဲခူးတက္ကသိုလ်၊ မွန်ပြည်နယ်ရှိ မော်လမြိုင်တက္ကသိုလ်နှင့် ရှမ်းပြည်နယ်ရှိ ပင်လုံတက္ကသိုလ်တို့၌လည်းကောင်း၊ ၂၇-၁၂-၂၀၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ စစ်တွေတက္ကသိုလ်၌လည်းကောင်း၊ ၂၉-၁၂-၂၀၁၃ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီးတက္ကသိုလ်၌လည်းကောင်း၊ ၃၀-၁၂-၂၀၁၃ ရက်နေ့တွင် ကရင်ပြည်နယ်ရှိ ဘားအံတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးတက္ကသိုလ်၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်တက္ကသိုလ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်တက္ကသိုလ်တို့၌လည်းကောင်း၊ ၃၁-၁၂-၂၀၁၃ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံတက္ကသိုလ်၌ လည်းကောင်း၊ ၃-၁-၂၀၁၄ ရက်နေ့တွင် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားတက္ကသိုလ်၌ လည်းကောင်း၊ ၃၁-၁၂-၂၀၁၃ ရက်နေ့၊ ၆-၁-၂၀၁၄ ရက်နေ့၊ ၁၉-၁-၂၀၁၄ ရက်နေ့၊ ၂၁-၁-၂၀၁၄ ရက်နေ့၊ ၂၂-၁-၂၀၁၄ ရက်နေ့၊ ၂၄-၁-၂၀၁၄ ရက်နေ့၊ ၂၅-၁-၂၀၁၄ ရက်နေ့၊ ၂၆-၁-၂၀၁၄ ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ လည်းကောင်း လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ဒေသန္တရအဆင့်အလုပ်ရုံဆွေးနွေးပွဲများကို နေရာပေါင်း ၁၆ နေရာ၌ ကျင်းပနိုင်ခဲ့ပြီး တက်ရောက်သူဦးရေပေါင်း ၅၆၀၀ ကျော်တို့ထံမှ ပါဝင်ဆွေးနွေးထောက်ခံအကြံပြုချက်များကို ရယူနိုင်ခဲ့ပါသည်။

အဆိုပါ ဒေသန္တရအလုပ်ရုံဆွေးနွေးပွဲများမှ ရရှိခဲ့သော ထောက်ခံဆွေးနွေးချက်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စဉ်းစားပြင်ဆင်ရန်လိုအပ်သည့်အချက်များကို ကောက်နုတ်စုစည်းပြီး ရန်ကုန်မြို့ စိန်ရတုခန်းမ၌ ရုံးထိုင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းအဖွဲ့ (Working Group) များသို့ အသီးသီးပေးအပ်ခဲ့ပါသည်။ ထိုအချက်များကို ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် လုပ်ငန်းအဖွဲ့အလိုက် ပဏာမအစီရင်ခံစာများကို ပြုစုနိုင်ခဲ့ပြီးဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဒေသန္တရအလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်လာသည့် အလွှာအသီးသီးမှ ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးခဲ့သော အကြံပြုချက်များ၊ ညှိနှိုင်းရရှိချက်များနှင့် မိဘပြည်သူများထံမှ ၃၁-၁-၂၀၁၄ ရက်နေ့အထိ တောင်းခံစုစည်းရရှိသော အကြံပြုချက်များအားလုံးတို့ကို ပေါင်းစပ်ပြီး လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်မှုနှင့်အတူ မူဝါဒနှင့်လုပ်ငန်းစဉ်များ ညှိနှိုင်းရရှိမှုအခြေအနေတင်ပြချက်အစီရင်ခံစာကိုလည်း ပြုစုနိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါတင်ပြချက်ပဏာမအစီရင်ခံစာကို ပြုစုနိုင်ရန်အတွက် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များသည် ၂၈-၁-၂၀၁၄ ရက်နေ့မှ ၂၆-၂-၂၀၁၄ ရက်နေ့အထိ အစည်းအဝေးပေါင်း ၁၈ ကြိမ်ပြုလုပ်၍ အစည်းအဝေးတက်ရောက်သူပေါင်း ၁၆၀၀ နီးပါးတို့၏ အကြံပြုဆွေးနွေးချက်များကို ရယူခဲ့ပါသည်။

ယခုအခါတွင် အမျိုးသားပညာရေးအတွက် တစ်မျိုးသားလုံးပါဝင်ဆွေးနွေးမှုများ၊ ပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဆွေးနွေးပွဲများမှ ဆွေးနွေးမှုများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသော Stakeholder များ၏ ထောက်ခံအကြံပြုချက်များမှ သဘောတူညီသည့်အချက်များ၊ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် အချက်များကို စုစည်းလျက် အမျိုးသားအဆင့်ဆွေးနွေးပွဲသို့ တင်သွင်းမည့် အစီရင်ခံစာမူကြမ်းကို ပြုစုပြီးဖြစ်ရာ ၂၀၁၄ ခုနှစ် မတ် ၅ ရက်နှင့် ၆ ရက်နေ့များတွင် ကျင်းပမည့် အမျိုးသားအဆင့်ဆွေးနွေးပွဲသို့ တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပွင့်လင်းမြင်သာစွာနှင့် မြန်ဆန်စွာ ရှင်းလင်းပေးစေလိုကြောင်း နိုင်ငံတော်သမ္မတက လွှတ်တော်သို့စာပို့

နေပြည်တော် မတ် ၃

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်**တွင် ခန့်အပ်တာဝန်ပေးအပ်ခံရသည့် ပုဂ္ဂိုလ်များက လွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့လာသည့် **လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် ဆောလျင်စွာ ရှင်းလင်းရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတ၏ပေးပို့စာတွင် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသော လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာ အပိုင်း (၁)၊ (၂)၊ (၃) ပါအမှုတွဲများကို အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်မှုများသည် နှောင့်နှေးကြန့်ကြာသောကြောင့် မိုးသီးနှံစိုက်မြေများကို ၂၀၁၄ ခုနှစ် ဇွန်လကုန် မတိုင်မီနှင့် ဆောင်းသီးနှံစိုက်မြေများကို ၂၀၁၄ ခုနှစ် စက်တင်ဘာလမတိုင်မီ ပြီးပြတ်အောင် ပွင့်လင်းမြင်သာစွာနှင့် မြန်ဆန်စွာ ရှင်းလင်းပေးစေလိုကြောင်း ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါကြောင်း။

ရှင်းလင်းဆောင်ရွက်မှုများ ဆောလျင်စွာ ပြီးပြတ်နိုင်ရေးအတွက် ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်သော မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်၌ မြေပြင်ကွင်းဆင်း ဆောင်ရွက်လျက်ရှိသော မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအသီးသီးတွင် သက်ဆိုင်ရာ မြို့နယ်အလိုက် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူတို့ မနစ်နာစေရန် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဆောင်ရွက်နေမှုအား အထောက်အကူဖြစ်စေမည့်အပြင် ပကတိအခြေအနေမှန်ကိုလည်း လွှတ်တော်များက အချိန်နှင့် တစ်ပြေးညီသိရှိနိုင်မည်ဖြစ်ပါ၍ စီစဉ်ပေးနိုင်ပါရန် တိုက်တွန်းပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အဆိုပါ နိုင်ငံတော်သမ္မတပေးပို့စာကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

အစည်းအဝေးတွင် **မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **ရုံးခွန် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပထမ ၆ လပတ် အမျိုးသား စီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီက အဆိုတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပထမ ၆ လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာ အမှတ်စဉ် (၁/၂၀၁၄)** နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ရေးဆွဲစဉ်က နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းဝယ်ယူခြင်းအသုံးစရိတ်ဖြစ်သော လုပ်ငန်းသုံးရင်းနှီးငွေကို ထည့်သွင်းရေးဆွဲခဲ့ခြင်းမရှိသဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းအရ ဘတ်ဂျက်ပိုငွေဖြစ်ပေါ်ရခြင်းဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်ကုန်၍ အမှန်စာရင်းများပြုစုသည့်အခါ ၎င်းလုပ်ငန်းသုံးရင်းနှီးငွေများကို ထည့်သွင်းတွက်ချက်ခဲ့ပါကြောင်း၊ ထိုသို့ ထည့်သွင်းတွက်ချက်သည့်အခါ ပိုငွေဖြစ်ပေါ်မှုမရှိဘဲ လိုငွေသာဖြစ်ပေါ်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဘတ်ဂျက်လိုငွေကို အစိုးရငွေတိုက်လက်မှတ်နှင့် အစိုးရငွေတိုက်စာချုပ်များဖြင့် ဖြည့်ဆည်းခဲ့ရသည်မှာ မှန်ကန်ပါကြောင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီး အမှန်စာရင်းများကို ပြည်ထောင်စုလွှတ်တော်သို့ သီးခြားတင်ပြမည်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုတိုက်တွန်းချက်များအနက် စာပိုဒ် (၄၈)ပါ "ပြည်ထောင်စုအစိုးရအဖွဲ့၏ အသုံးစရိတ်များအနက် ထုတ်လုပ်မှုကို မဖြစ်ပေါ်စေသော အသုံးစရိတ် (Non-Productive Expenditure) များကို လျှော့ချရန်လိုအပ်ပါကြောင်း၊ ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် ထိုကဲ့သို့ အသုံးစရိတ်မျိုးမပါရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်ပါသည်" ဟူသော တိုက်တွန်းချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ ဘတ်ဂျက်အဆိုပြုတင်ပြမှုများကို အဆင့်ဆင့်စိစစ်သည့်အခါတွင် အလေးအနက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်၍ သုံးသပ်ချက်အစီရင်ခံစာအပိုဒ်(၅၂)ပါ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေကြေးဈေးကွက်သည် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်စပ်မှုရှိလာသည်နှင့်အမျှ တိုးတက်ပြီး နိုင်ငံများ၏ ငွေကြေးမူဝါဒပြောင်းလဲမှုများသည် မြန်မာနိုင်ငံအား ရိုက်ခတ်မှုများရှိလာမည်ဖြစ်သဖြင့် ကမ္ဘာ့စီးပွားရေးနှင့်ငွေကြေးဈေးကွက်အခြေအနေ၊ ဒေသတွင်း စီးပွားရေးနှင့် ငွေကြေးဈေးကွက် အခြေအနေတို့ကို မျက်ခြည်မပြတ် စောင့်ကြည့်သုံးသပ်နေမှသာ မှန်ကန်သောငွေကြေးမူဝါဒ (Monetary Policy) နှင့် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)တို့ကို ချမှတ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဟူသည့်အချက်နှင့်စပ်လျဉ်း၍ ငွေကြေးမူဝါဒအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တာဝန်ယူ၍ ဆောင်ရွက်ပြီး ဘဏ္ဍာရေးမူဝါဒကို ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ ဘဏ္ဍာရေး မူဝါဒအပါအဝင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ [Public Financial Management (PFM) Reform Strategy] ကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ၎င်းမဟာဗျူဟာအရ ရှေ့လုပ်ငန်းစဉ်များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနတွင် Fiscal Policy & Strategy Division တစ်ခုတိုးချဲ့ဖွဲ့စည်း၍ မှန်ကန်ခိုင်မာသော ဘဏ္ဍာရေးမူဝါဒ (Fiscal Policy) များကို ချမှတ်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက အဆိုတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားပြီး နဝမပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့ကို မတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာ ဓမ္မဒါနသင်တန်းဖွင့်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်သာသနာနုဂ္ဂဟအသင်းတို့၏ စီစဉ်မှုဖြင့် လူငယ်ယဉ်ကျေးလိမ္မာဓမ္မဒါနသင်တန်းဖွင့်ပွဲကို ယနေ့နံနက်၉ နာရီက တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၆) လမ်းထိပ်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ ခရိုင်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးညွန့်တင်၊ မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် အရိုးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညွန့်ရှိန်တို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးနှင့် သင်တန်းတာဝန်ခံ ဆရာမ ဒေါ်နီနီတို့က သင်တန်းတွင် လိုက်နာရမည့် စည်းကမ်းချက်တို့ကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်၊ ပျားရည်ကုန်းရပ်ကွက်နှင့် ပုဏ္ဏားကုန်းရပ်ကွက်တို့မှ အသက် (၅) နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ကြသည်။ သင်တန်းနည်းပြက ယဉ်ကျေးလိမ္မာဆိုင်ရာ ဗုဒ္ဓစာပေများကို အခြေခံမှုစ၍ မတ် ၁၁ ရက်ထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း ဓမ္မဒါနအဖြစ် သင်ကြားပြသပို့ချသွားမည်ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းအနေဖြင့် ခရိုင်အတွင်းရှိ ကျန်မြို့နယ်များ၌လည်း ယဉ်ကျေးလိမ္မာဓမ္မဒါနသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်း

နေပြည်တော် မတ် ၃

ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက လွှတ်တော်ရုံး အိုင်ဆောင် အမှတ်-၂ အပေါ်ထပ်တွင် ကျင်းပရာ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုနှင့် အဖွဲ့ဝင်များ၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ညွှန်ကြားရေးမှူး ဦးအောင်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းကို တင်သွင်းထားသည့် ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို၊ ဥပဒေကြမ်းကော်မတီနှင့် တက်ရောက်လာကြသော ဥပဒေပညာရှင်များက လွှတ်တော် ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များကို ညှိနှိုင်းပြင်ဆင်ခဲ့ကြပြီး ပြည်သူ့လွှတ်တော်တွင် ဆက်လက်အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား
အစီအစဉ်အကျဉ်း

၄-၃-၂၀၁၄ (အင်္ဂါနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၃၅	ကြေးမုံရိပ်သွင်တေးနုယဉ်
၆း၄၅	"မန်းရွှေစက်တော်နှင့် မကွေးဘုရားစုံခရီးစဉ်"
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ
၇း၃၀	"မကြောက်ကြပါနဲ့"
၈း၂၀	"တတိယအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"
၁၁း၃၅	တစ်မျက်နှာ၊ တစ်ကွက်စာ "မှီခိုစရာပခုံးကလေး"
၁း၅၀	မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ဦးကြည်စိုးထွန်း)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် သတင်းအချက်အလက်နည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီများ ပိုမိုပေးအပ်နိုင်ရေး၊ စွမ်းအင်ကဏ္ဍနှင့် ဘဏ်လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသလုံခြုံရေး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအတွင်း နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုအခြေအနေ၊ ငြိမ်းချမ်းရေးတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေမှုများအပေါ် အိန္ဒိယနိုင်ငံက အပြည့်အဝ ထောက်ခံပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးခင်ရီ၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းသည် ၂၀၁၂ ခုနှစ် မေလအတွင်းက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်တစ်ကြိမ် လာရောက်ခဲ့ပြီး ယခုခရီးစဉ်သည် ဒုတိယအကြိမ်ရောက်ရှိခြင်းဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

☆ **ကျောဖုံးမှ**

နိုင်ငံခြားရေးဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ယခုအခါ သံတမန်ဆက်ဆံမှုသက်တမ်း ၄၂ နှစ်ရှိပြီ ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ် လာရောက်ခဲ့ပြီး ယခုခရီးစဉ်သည် ဒုတိယအကြိမ် ရောက်ရှိခြင်းဖြစ်သည်။ **(သတင်းစဉ်)**

တတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ပြည်ပနိုင်ငံများမှ ခေါင်းဆောင်များ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မတ် ၃

နေပြည်တော်တွင် ကျင်းပမည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ပြည်ပနိုင်ငံများမှ ခေါင်းဆောင်များသည် ယနေ့တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။**(အပေါ်ပုံ)**

ယင်းသို့ ရောက်ရှိကြရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာသည် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sushil Koirala သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Lyonchhen Tshering Tobgay သည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အိန္ဒိယ နိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊သီရိလင်္ကာ နိုင်ငံသမ္မတ H.E. Mr. Mahanda Rajapaksa သည် ညနေ ၃ နာရီခွဲတွင် လည်းကောင်း ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေကြသည့် ခေါင်းဆောင်များနှင့် ဝန်ကြီးများ သီးခြားစီတွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၃

နေပြည်တော်၌ကျင်းပမည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းနှင့် ညပိုင်းတို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို၌ဌာနသီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံကြရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Honourable Mr. Mahendra B. Pandey နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E.Mr. Salman Khurshid **(အပေါ်ပုံ)**တို့အား မွန်းလွဲပိုင်းနှင့် ညပိုင်းတို့တွင် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးအတွက် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့အတူ အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E. Mr. Salman Khurshid နှင့် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Honourable Mr. Mahendra B. Pandey တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် H.E. Tshering Tobgay သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် အမြဲတမ်းအတွင်းဝန် H.E.Mr. Sihasak Phuangketkeow နှင့် ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ နီပေါနိုင်ငံဝန်ကြီးချုပ် H.E.Sushil Koirala နှင့် ညပိုင်းတွင် လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

○ **ရေဝတီမှ**

ရောက်ရှိနေသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး Southern အသင်းမှာ အဖိုးတန် သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရေဝတီအသင်းမှာ ယခုပွဲတွင် ခြေအသာဖြင့်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ် ဂိုးသွင်းအားနည်းမှုကြောင့် နိုင်ပွဲနှင့်လွဲခဲ့ရခြင်းဖြစ်သည်။ ၅၈ မိနစ်တွင် ဆာဆာက ရေဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း Southern အတွက် ချေပဂိုးကို ၈၁ မိနစ်တွင် ရန်နိုင်ထွေးက သွင်းယူပေးခဲ့သည်။

ရေဝတီအသင်းမှာ ယခုပွဲ သရေကျခဲ့သောကြောင့် လက်ကျန်ပွဲများကို ပိုမိုရုန်းကန်ရတော့မည်ဖြစ်သည်။

(အောင်ဆန်းကွင်း)
နေပြည်တော် - နှစ်ဂိုး
(အောင်ကျော်နိုင်)
GFA - ဂိုးမရှိ

ပွဲစဉ်(၅)အပြီးတွင် ရတနာပုံအသင်းက ၁၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး နေပြည်တော်နှင့် ဇေယျာရွှေမြေ အသင်းတို့က ၁၂ မှတ်စီ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၁၀မှတ်၊ မကွေးအသင်းက ကိုးမှတ်၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ မနောမြေအသင်းက ခြောက်မှတ်၊ Southern အသင်းနှင့် ကမ္ဘောဇအသင်းတို့က ငါးမှတ်စီ၊ ရေဝတီအသင်းက လေးမှတ်၊ ချင်းအသင်းက သုံးမှတ်ရရှိထားပြီး GFA အသင်းမှာ အမှတ်မရသေးပေ။

○ **ရှေ့ဖုံးမှ**

သီရိလင်္ကာနိုင်ငံမှ သံအမတ်ကြီး မစ္စတာဆုမစ်နကန်ဒါလ(Mr. Sumith Nakadala)အား ခန့်အပ်ရန် အစည်းအဝေးက သဘောတူညီခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးတက်ရောက်လာကြသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ အစည်းအဝေးနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းက "(၁၄)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဘင်းမ်စတက်နိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်ခဲ့ပါတယ်။ မနက်ဖြန် ဆက်လက်ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးမှာ အပြီးသတ်ဆုံးဖြတ်မယ့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါတယ်။ ထိုင်းနိုင်ငံက နိုင်ငံခြားရေးဝန်ကြီး မတက်ရောက်နိုင်ဘဲ အထူးကိုယ်စားလှယ်ကို စေလွှတ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးများရဲ့ တူညီတဲ့သဘောထားတစ်ရပ်ကတော့ ဘင်းမ်စတက်ရဲ့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် (၁၄)ခုမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်ပြီးလုပ်သွားဖို့ ဖြစ်ပါတယ်။

ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ငါးလုပ်ငန်း၊ စွမ်းအင်၊ နည်းပညာ၊ ရေလုပ်ငန်း၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေး၊ ပြည်သူ့ကျန်းမာရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ရာသီဥတုပြောင်းလဲမှု စတဲ့ကဏ္ဍများ ဖြစ်ကြပါတယ်။ ဘင်းမ်စတက် အဖွဲ့အစည်းပိုင်းဆိုင်ရာ သိသာထင်ရှားတဲ့ တိုးတက်မှုကတော့ ဘင်းမ်စတက်အဖွဲ့ရဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမှာ အတွင်းရေးမှူးချုပ်ရုံး ထူထောင်ပြီး ပထမဦးဆုံး အတွင်းရေးမှူးချုပ်အဖြစ် သီရိလင်္ကာနိုင်ငံမှ မစ္စတာဆုမစ်နကန်ဒါလကို ခန့်အပ်ဖို့ ဆက်လက်ပြီး အတည်ပြုခဲ့ပါတယ်။ ဆုံးဖြတ်ချက်အဆင့်ဆင့် ရယူလာပြီးဖြစ်တဲ့ ဒီကိစ္စကို နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ ဆက်လက်အတည်ပြုပြီး ထိပ်သီးအစည်းအဝေးမှာ ဒါတွေဆက်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မေလလောက်ထဲမှာ အတွင်းရေးမှူးချုပ်ရုံး စတင်အသက်ဝင်လှုပ်ရှားသွားဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားသည်။ **(သတင်းစဉ်)**

(၁၄) ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

❖ **စီးပွားရေးအရမှ**

ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊ ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေမှာ ပါဝင်ကူညီဆောင်ရွက်မှာဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုဟာ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်နိုင်မယ့်အပြင် ဖွံ့ဖြိုးတိုးတက်မှုပါရရှိမှာ

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Sihasak Phuangketkeow ဖြေကြားစဉ်။

ဖြစ်ပါတယ်။ နယ်စပ်ဒေသတစ်လျှောက် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့ရေးအတွက် လိုအပ်တဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ ညှိနှိုင်းအကောင်အထည်ဖော်ဖို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ရှိပြီးသား နယ်စပ်ဂိတ်များအပြင် နယ်စပ်ဂိတ်အသစ်များကိုလည်း ထပ်မံဖွင့်လှစ်မှာ ဖြစ်ပါတယ်။

ထို့အတူ မြန်မာနိုင်ငံရဲ့ ပင်လယ်ဆိပ်ကမ်းကလည်း ထိုင်းနဲ့ မြန်မာအတွက်သာမက ဒေသတွင်း နိုင်ငံများအတွက်ပါ အရေးကြီးပါတယ်။ ဒါကြောင့်လည်း မြန်မာနဲ့ ထိုင်းဟာ စီးပွားရေးအရ ချိတ်ဆက်မှုနဲ့ ပြည်သူအချင်းချင်းချိတ်ဆက်မှုကို ထိရောက်စွာ လုပ်ဆောင်နိုင်မှသာ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး၊ ပို့ဆောင်ရေးနဲ့ ခရီးသွားလုပ်ငန်းတွေ အောင်မြင်မှာပဲ ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား ချိတ်ဆက်မှုဟာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေးပေါင်းစည်းမှုကို ပိုမိုထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ အဓိကသော့ချက်အဖြစ်ရှိနေပါတယ်။ ထို့အတူ ဆောက်လုပ်ရေးလုပ်ငန်းအရလည်း မဲဆောက်-မြဝတီ-ကော့ကရိတ်-မော်လမြိုင်လမ်းမကြီး ဖောက်လုပ်မှုကို မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

နှစ်နိုင်ငံအကြား ရေနံ-ဓာတုဆိုင်ရာ စီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊ ထိုင်းနဲ့ မြန်မာဟာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်တဲ့ ကဏ္ဍများစွာရှိနေတဲ့အတွက် နှစ်နိုင်ငံချစ်ကြည်ရေးကို အလေးထားလျက်ရှိပါတယ်။ ဒါကြောင့် လက်ရှိအကောင်အထည်ဖော်နေတဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ထိုင်းနိုင်ငံအနေနဲ့ အလေးထားကြောင်း ပြောကြားလိုပါတယ်။

မေး။ ။ ဒီထိပ်သီးအစည်းအဝေးကနေ မြန်မာနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးအတွက် ဘယ်အတိုင်းအတာအထိ အထောက်အကူပြုမယ်လို့ ထင်မြင်ပါသလဲ ခင်ဗျာ။

ဖြေ။ ။ ထိပ်သီးအစည်းအဝေး ကျင်းပခြင်းအားဖြင့် နှစ်နိုင်ငံအကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်မယ်လို့ ယုံကြည်ပါတယ်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဟာ အလွန်အရေးကြီးပါတယ်၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကနေ ဒေသတွင်းရှိ ပြည်သူများအတွက် အကျိုးကျေးဇူးရရှိကြမှာဖြစ်ပါတယ်၊ ဆင်းရဲမှုလျှော့ချရေး၊ ပညာရေးနဲ့ ကျန်းမာရေး ကဏ္ဍများအနက် ကျန်းမာရေးပြဿနာဟာ အလွန်အရေးကြီးပါတယ်၊ အဓိကအရေးကြီးဆုံးတစ်ခုက ကူးစက်ရောဂါဖြစ်ပါတယ်၊ ကျန်းမာရေးကဏ္ဍမှာ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ ထိုင်းနိုင်ငံအနေနဲ့ ပြည်သူများ လွှမ်းခြုံနိုင်တဲ့ ကျန်းမာရေးစနစ်ကို ထူထောင်ပြီး ဆေးဝါးကုသရေးမှာလည်း ပြည်သူတွေ လက်လှမ်းမီအောင် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်၊ ဒါကြောင့်မို့ မြန်မာနိုင်ငံအပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ အတွေ့အကြုံချင်း ဖလှယ်ချင်ပါတယ်၊ ပြည်သူလူထုကို အကူအညီပေးတဲ့ ကဏ္ဍအပါအဝင် ကဏ္ဍအားလုံးမှာ ထိုင်းနိုင်ငံအနေနဲ့ ပူးပေါင်း ဆောင်ရွက်လိုပါတယ်၊ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဟာ ထိုင်းနိုင်ငံအတွက် အလေးထားတဲ့ပြဿနာတစ်ရပ် ဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဘင်းမ်စတက်ကနေတစ်ဆင့် ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်အောင် ကြိုးပမ်းလိုတဲ့ဆန္ဒကြောင့် ဖြစ်ပါတယ်။

မေး။ ။ ထိုင်းနဲ့ မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံဖြတ်ကျော် မှုခင်းနှိမ်နင်းရာမှာ အထောက်အကူများစွာဖြစ်ပါသလား ဆိုတာလည်း သိလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ နှစ်နိုင်ငံအကြား နယ်စပ်ဖွင့်လိုက်တဲ့အတွက် တစ်နိုင်ငံနဲ့တစ်နိုင်ငံချိတ်ဆက်မှု ပိုမိုရလာစေပါတယ်။ ပြည်သူအချင်းချင်း ချိတ်ဆက်မှုကနေ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုကို မြှင့်တင်နိုင်ပါတယ်။ နှစ်နိုင်ငံနယ်စပ် လွတ်လွတ်လပ်လပ် ဖွင့်လှစ်လိုက်တဲ့အတွက် မလိုလားအပ်တဲ့ပြဿနာတွေနဲ့လည်း ကြုံတွေ့ရပါတယ်။ အဲဒီပြဿနာထဲက တစ်ခုကတော့ နိုင်ငံဖြတ်ကျော်မှုခင်းပဲဖြစ်ပါတယ်။

မနက်ဖြန်ကျင်းပမယ့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးမှာ နယ်စပ်ဖြတ်ကျော်မှုခင်းနဲ့ ပတ်သက်ပြီး ထည့်သွင်းဆွေးနွေးကြမှာဖြစ်ပါတယ်။ အဲဒီနယ်စပ်ဖြတ်ကျော်မှုခင်းကို ကိုင်တွယ်ရာမှာ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေးမှာ ကွန်ဗင်းရှင်းလက်မှတ်ရေးထိုးခဲ့ကြတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးနဲ့ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေးမှာ ပိုပြီးပူးပေါင်းဆောင်ရွက်နိုင်ကြတာ ဖြစ်ပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေနဲ့ မြန်မာနဲ့ ထိုင်းနိုင်ငံတို့ဟာ မူးယစ်ဆေးဝါး၊ လူမှောင်ခိုစတဲ့နယ်စပ်ဖြတ်ကျော်မှုခင်းကို စနစ်တကျ ကိုင်တွယ်နိုင်ဖို့ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်နေပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီပြဿနာဟာ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းရှိနိုင်ငံများကိုပါ ဆိုးကျိုးသက်ရောက်နိုင်တဲ့အတွက် သက်ဆိုင်ရာ နိုင်ငံတွေအနေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်

နေပြည်တော် မတ် ၃

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာ ဦးဆောင်သည့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးညီထွန်း၊ ဒေါ်အေးအေးမူ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ကုန်း/ရေ နှစ်သွယ် နယ်နိမိတ်ချင်း ထိစပ်သည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် (၃)ကြိမ်ဆက်တိုက် ရွေးချယ်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နှစ်ပေါင်းများစွာ တည်ရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တစ်ချိန်က နှစ်နိုင်ငံ နယ်စပ်ကိစ္စရပ်အချို့တွင် ပြဿနာများရှိခဲ့သော်လည်း ညှိနှိုင်းဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ အဆွေတော် ဝန်ကြီးချုပ် လက်ထက်၌ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရှိပြီး ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ဂုဏ်ပြုပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပါက စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ပြည်သူများ လူနေမှုဘဝ ပိုမိုတိုးတက်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ပါက တိုးတက်သောနိုင်ငံများအဖြစ်သို့ တက်လှမ်းနိုင်ရန် မျှော်လင့်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် တစ်နိုင်ငံတည်း သီးခြားရပ်တည်ရန် မဖြစ်နိုင်ပါကြောင်း၊ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် နိုင်ငံများဖြစ်၍ မည်သည့်ကိစ္စရပ်မဆို နှစ်နိုင်ငံအစိုးရအကြား ပူးပေါင်းဆောင်ရွက်ပါက ကောင်းစွာဖြေရှင်းသွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တိုင်းရင်းသားအဖွဲ့ အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့ များအား လက်ခံတွေ့ ဆုံ

နေပြည်တော် မတ် ၃

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်သော 'ဝ' အထူးဒေသ(၂)မှ ဦးပေါက်ယူရီ ဦးဆောင်သော ကိုယ်စားလှယ်များ၊ မိုင်းလားအထူးဒေသ(၄)မှ ဦးဆမ်လူ ဦးဆောင်သော ကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP) မှ ဦးစဝ်ခွန်ဆိုင် ဦးဆောင်သော ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အစိမ်းရောင်လက်တော်ကောင် လမြတ်သင်္ကြန်

ခင်မောင်အေး(မန္တလေး)

ရှေးထုံးကိုလည်းမပယ်ကောင်း၊ ဈေးသုံးကိုလည်း မလွယ်ကောင်းတဲ့။ ရှေးကလူကြီးသူမတွေဟာ အင်မတန်မှပဲ အမြော်အမြင်ကြီးလှပါတယ်။ လူကြီးတွေပြောခဲ့တဲ့ ရှေးစကားတွေဟာ ရာစုနှစ်တွေတစ်ခုပြီးတစ်ခုပြောင်းနေခဲ့တာတောင် ဟောင်းသွားသည်မရှိ အစဉ်အမြဲမှန်နေဆဲပါ။ ကျွန်တော်တို့တစ်တွေ ရှေးကလူကြီးသူမတွေရဲ့စကားကို ဘယ်သောအခါမှ မပယ်ရှားကောင်းတာ အသေအချာပါပဲ။

"ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌တည်စေမင်း"တဲ့။ ရှင်းလင်းပြောပြစရာမလိုလောက်အောင်ကို အဓိပ္ပာယ်လွယ်ကူပြတ်သားမှတ်သားလောက်ပါတယ်။ အဲဒီအစဉ်အလာတွေနဲ့အညီ ကျွန်တော်တို့တစ်တွေက ဆယ့်နှစ်လရာသီပွဲတော်များကို ရာသီအလိုက်ဆင်နွှဲခဲ့ကြပါတယ်။ တပို့တွဲလမှာတော့ နဝဒေးကြီးဆိုခဲ့တဲ့ လူးတားထဲကလို "....မြင်းခင်းတော်ပွဲ၊ သဘင်စဲက၊ ပေါက်လဲဆူးပန်း၊ ကြိုင်မွှန်းပျံ့လာ၊ ရာသီကုံလတ်၊ နက္ခတ်မာဃ၊ လတပို့တွဲ၊ လျှူမြဲယာဂု၊ နွေရောက်လုသော်..." ဆိုတဲ့အတိုင်း ယာဂုအလှူပွဲတွေ ခြိမ့်ခြိမ့်သဲသဲဆင်နွှဲကြပါတယ်။

စင်စစ်ယာဂုဆိုတာ ဆန်ပြုတ်၊ နို့ဆန်ပြုတ် စသည်တို့လောက်သာခေါ်ကြတာလို့ ထင်ခဲ့ကြပေမယ့်လို့ အမှန်တကယ်ကတော့ ဆန်နဲ့အသားတစ်မျိုးမျိုး၊ ဆန်နဲ့ထောပတ်၊ ဆန်နဲ့ကန်စွန်းဥ၊ တစ်ခုခုရောပြီးချက်လိုချက်၊ ပေါင်းလိုပေါင်းထားတာတွေအားလုံးပဲ ယာဂုလို့သတ်မှတ်ကြပါတယ်။ တပို့တွဲလမှာတော့ လယ်သမားတွေကောက်ရိတ်သိမ်းပြီး ကောက်သစ်ဦးပေါ်စဖြစ်လို့ ရွာဦးကျောင်းကို ကောက်ဦးဆွမ်းများလှူဒါန်းဆက်ကပ်ကြတာအစဉ်အလာပါ။ သည့်အပြင်လည်း တပို့တွဲလဟာ ချမ်းအေးတဲ့ကာလ ဟေမန္တမှဆီးနှင်းတွေတဝေဝေ မြူခိုးတွေကဆိုင်း မင်းလွင်ကပြန်နေတာကြောင့် ခိုက်ခိုက်တုန်အောင်အေးလှပါတယ်။ ဗုဒ္ဓမြတ်စွာသခင် ဂေါတမဘုရားရှင်သက်တော်ထင်ရှားရှိနေစဉ် အချိန်မှာ သည်အချိန်သည်အခါက ဓာတ်လေးပါးမျှတစေဖို့ မီးလှုံခဲ့ရတယ်လို့ သိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့ ဘုရားရှင်အားရည်စူးပြီး မီးပူဇော်ပွဲများလည်း ကျင်းပခဲ့ကြပါတယ်။

တပို့တွဲလ ပဏ္ဍုရသီတိထိထွန်းစည့် လပြည့်နေ့အခါဝယ် ကောက်သုံးပါးမှာ ဩဇာလေးနက်အကျိုးထက်တဲ့ ကောက်ကြီးစပါးကိုဆွတ်ခူးထားတဲ့ ဆန်ကိုကောင်းအောင် ကျိုချက်ပြီးဖြစ်တဲ့ ယာဂုဆွမ်းကို မီးအုပ်မီးပုံးတွေပြုလုပ်ပြီး ယှဉ်တွဲပူဇော်လှူဒါန်းကြပါတယ်။ လူးတားဆရာတွေထဲမှာ အနုဆုံးအယဉ်ဆုံးလို့ဆိုနိုင်တဲ့ ကွမ်းရေတော်ကိုင် ဦးယာက "...မာသခေါ်မြဲ၊ တပို့တွဲတွင်၊ မိုးထဲတောက်ပ၊ ကြယ်မာဃနှင့် ငွေလယုန်နန်း၊ လှည့်ကြမြန်းသော်၊ ယှဉ်သန်းထွန်းလှ၊ ချိန်တာရာတို့၊ လျှံဝါလင်းလင်း၊ ဖြိုးဖြှက်မင်းရောင်ရှိန်၊ သူရိန်ရောင်လွန်၊ သရဝဏ်နှင့်၊ လျှင်မြန်လှည့်ကြ၊ ပဥ္စဘဝါး၊ ဝင်းသွားမဇ္ဈေ၊ ရှေ့ရှုနေ၍၊ ရေနတ်မင်းလှ၊ ကသစ်ရသား၊ မာသသည်ခါ၊ သုံးလူ့ချာကို၊ ရှိန်ဝါရောင်ညီး၊ မီးပုံးပူဇော်၊ လှူတော်မူမြဲ၊ ရာသီပွဲဟု" လို့ စပ်ဆိုခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့မြန်မာထုံးတမ်းစဉ်လာ ရိုးရာဖြစ်တဲ့ ထမနဲပွဲများကွယ်ပျောက်မသွားရအောင် စောင့်ရှောက်ကာကွယ်ထိန်းသိမ်းရမှာကတော့ နှောင်းလူတို့ရဲ့တာဝန်ပဲမဟုတ်ပါလား။ တကယ်ဆိုရင် ကျွန်တော်တို့ဘုရားပွဲတွေကျင်းပကြတဲ့အခါသမယမှာ ထမနဲကိုအားကောင်းမောင်းသန်ယောကျ်ားကြီးတွေက မိုးပြဲဒယ်အိုးကြီးများနဲ့ ကောက်ညှင်းဆန်၊ မြေပဲဆန်၊ အုန်းသီးစိတ်၊ ချင်း(ဂျင်း)တို့ကို နှမ်းဆီနိုင်နိုင်ထည့်ပြီး ယောက်မများနဲ့ကြေညက်နေအောင် မွှေကြနှံကြတာတွေ့မြင်ကြရမှာပါ။ ဘုရားပွဲကျင်းပပြုလုပ်တဲ့ ညဈေးတန်းတစ်လျှောက်မှာလည်း မြန်မာမုန့်မျိုးစုံကို ဈေးသည်တွေက ဆိုင်တန်းရှည်ကြီး ခင်းကျင်းရောင်းချနေသည်လည်း မြင်ကြရပါလိမ့်မယ်။

အဲဒီလို တွေ့နေမြင်နေကြရတာကြောင့် မြန်မာ့ရိုးရာအစဉ်အလာဖြစ်တဲ့ တပို့တွဲလ ထမနဲပွဲတွေ ကျင်းပနေဆဲပဲ၊ ရိုးရာမပျက်တည်နေဆဲပဲလို့ ယူဆစိတ်ချရပါတယ်။ တပို့တွဲလ ဆောင်းကုန်ကာစ အခါသမယ ဥတုရဲ့အအေးဓာတ်က နောက်ဆုံးနှုတ်ဆက်နေသလို ပိုပိုသာသာ လွန်လွန်ကဲကဲဖြစ်ပေါ်နေတာကြောင့် ဆေးပညာဝေါဟာရနဲ့ ပြောရရင် ပထဝီဓာတ်တွေပျက် အသားအရေ ပတ်ကြားအက်လို့ အဆီတွေခန်းခြောက်ကုန်ကြပြီ။ အဲဒီလိုအခါ အပူဓာတ်များပြားတဲ့ ရာသီစာဟာ လူအများမှီဝဲစားသုံးဖို့ အင်မတန်မှပဲ လျော်ကန်သင့်မြတ်လှတဲ့ တစ်နည်းပြောရရင် ဓာတ်စာတစ်ခုပေါ့။ ဒါကြောင့်လည်း မြတ်စွာဘုရားအား ကောက်သစ်ဦး ဦးဦးဖျားဖျား ဆက်ကပ်ပူဇော် လှူဒါန်းကြတာဖြစ်ပါတယ်။ ပြီးနောက်မတော့ ရဟန်းသံဃာတော်များကို ဆက်ကပ်ကြပြီး လူတွေကရပ်ကွက်အတွင်း စတုဒိသာတည်ခင်းကျွေးမွေးပြီး တစ်အိမ့်တစ်အိမ်ပေးပို့ကြတာ ပျော်စရာ ကြည်နူးစရာပါ။

ပြည်ထောင်စုဖွား မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းသလို မရှက်မကြောက်ပြောပြရရင် ကျွန်တော်တို့တစ်တွေက တိုင်းတစ်ပါးနိုင်ငံခြားက ယဉ်ကျေးမှုမှိုင်းများမိနေကြပြီ။ အမိနိုင်ငံရဲ့ မွန်မြတ်သန့်စင်တဲ့ အစဉ်အလာတွေ၊ ဓလေ့ထုံးစံတွေကို လေ့လာနှစ်ခြိုက်ရမှန်းမသိ၊ မြတ်နိုးရမှန်းမသိ ဖြစ်ကုန်ကြပြီ။ နိုင်ငံကို ချစ်မြတ်နိုးတဲ့စိတ်၊ အမျိုးကိုစောင့်ရှောက်ပြီး မြန်မာဆိုတဲ့ ဂုဏ်ကိုမညှိုးရလေအောင် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရအောင်လား ခင်ဗျာ။

"မြန်မာ့ထမနဲပွဲ ဝိုင်းဝန်းပါဝင်ဆင်ကာနွှဲ တညီတညာထဲ"။ ။

မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေး

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရုံး (မှော်ဘီ)အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရဲမှူးကြီး မြင့်လွင်က မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေနှင့် ရဲတပ်ဖွဲ့မှ မှုခင်းကြိုတင် ကာကွယ်ရေးဆောင်ရွက်မှု၊ မှုခင်းများစုံစမ်းဖော်ထုတ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများ ဆောင်ရွက်နေမှု၊ ပြည်သူများက မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ရပ်ကွက်/ကျေးရွာအလိုက် ရဲတပ်ဖွဲ့က ဆောင်ရွက်ပေးစေလိုသော အကြောင်းအရာများကို တင်ပြကြသည်။

ဒုတိယရဲမှူးကြီးမြင့်လွင်က မြို့မရဲစခန်းမှူးအရာရှိနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များကို ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာနေပြည်သူများ၏ တင်ပြဆွေးနွေးချက်များနှင့် ဖြည့်ဆည်းပေးရမည့် အချက်များကို ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက်မီးသတ်ယာဉ်၊ အပေါ့စား မီးသတ်စက်၊ မီးသတ်ဆေးဘူးတို့ဖြင့် မီးငြိမ်းသတ်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ဈေးမိ ဈေးဖများပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြမြ)

ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

ပေါက်ခေါင်း မတ် ၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် EDU ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ပေါက်ခေါင်းမြို့နယ်အပိုင်း ပြည်-ပေါက်ခေါင်း-တောင်ငူကားလမ်းမကြီးမှ ဖိုးကျော့ကွင်းကျေးရွာသို့ဆက်သွယ်သည့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်းပြည့်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ခရိုင်ဦးစီးမှူးဦးမင်းမောင်နှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး





သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၄-၃-၂၀၁၄ ရက်

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၁၄-၃-၂၀၁၄ ရက်

၄။ ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက်-၁၇-၃-၂၀၁၄ ရက် ၁၆း၀၀ နာရီ

၅။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၈-၃-၂၀၁၄ ရက် ၁၀း၀၀ နာရီ

၆။ တင်ဒါပုံစံများအားတစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအားသိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၀၁၆၀၀၊ ၀၉-၅၁၂၁၀၉၃၊ ၀၉-၂၅၄၀၇၆၃၈၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက်
အသားထုတ်လုပ်ခွင့်လိုင်စင်များလျှောက်ထားနိုင်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနက သတ်မှတ်ထားသော သားသတ်ရုံနှင့် နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင် (ကျွဲ၊ နွား၊ သိုး-ဆိတ်) ရွာသာကြီး၊ (ဝက်) ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး-ဆိတ်)လှိုင်သာယာမွေးမြူရေးဇုန်၊ (သိုး-ဆိတ်) ရွှေပြည်သာ၊ မြို့နယ်တွင်းအသားထုတ်လုပ်ခွင့် (ဒလမြို့နယ်/ကျွဲ၊ နွား၊ ဝက်)နှင့် (ဆိပ်ကြီးခနောင်တိုမြို့နယ်/ကျွဲ၊ နွား)လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့် လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် (၃၀၀၀ိ/-)နှုန်းဖြင့် ၃-၃-၂၀၁၄ ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန(ရုံးချုပ်)၊ (၉)ထပ်ရုံး၊ စတုတ္ထထပ်၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်တွင် ဝယ်ယူ၍ ၁၀-၃-၂၀၁၄ ရက် နောက်ဆုံးထား ပြန်လည်တင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန

သန်းခေါင်စာရင်း၏ အနှစ်သာရသည် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းပင်ဖြစ်

နေပြည်တော် မတ် ၃

တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ကျော်ဝင်းနှင့် ဦးဝင်းမြင့်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Ms.Janet E.Jackson နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ်နိုင်ရန် လိုအပ်သည့် လူဦးရေကိန်းဂဏန်းအချက်အလက်များရရှိရေးအတွက် ကောက်ယူခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၈၃ ခုနှစ်နောက်ပိုင်း ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ခြင်းမရှိသည်မှာ နှစ်ပေါင်း ၃၀ ကြာခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူနိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံချက်ကို ၂၀၁၁ ခုနှစ် မေလမှ စတင်ရေးဆွဲဆောင်ရွက်ခဲ့ရာ နှစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်ပြီးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအပေါ် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးအတွက် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကိုလည်း ဘက်ပေါင်းစုံမှ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်း၏ အနှစ်သာရသည် သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းပင် ဖြစ်ပါကြောင်း၊ သို့မှသာ တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်းအချက်အလက်များရရှိနိုင်မည်ဖြစ်၍ ပြည်သူအားလုံးက သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်အပေါ် ပူးပေါင်းပါဝင်ကာ မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားကြရန် တိုက်တွန်းလိုပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် နိုင်ငံ၏ မတူကွဲပြားမှုများကို အလေးထားကာ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို သိရှိနိုင်စေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အမေးခံရသူ၏ ဖြေကြားချက်များကိုလည်း သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စု သတ်မှတ်ချက်များနှင့်ပတ်သက်၍ မေးမြန်းကောက်ယူရာတွင် ဖြေကြားသူ၏ ဖြေကြားချက်အတိုင်းသာ ရေးသွင်းသွားမည်ဖြစ်ပြီး ယင်းကိစ္စရပ်ကို သန်းခေါင်စာရင်းကောက်ယူပြီးစီးချိန်တွင် အားလုံးပါဝင်ကာ ပြန်လည်ဆွေးနွေးညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများနှင့် အဆင့်ဆင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် သန်းခေါင်စာရင်းကောက်ယူရန် တာဝန်ရှိသကဲ့သို့ ပြည်သူများသည်လည်း သန်းခေါင်စာရင်း အကောက်ခံရန် တာဝန်ရှိပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် လူတစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်ဘဲ နိုင်ငံနှင့်ပြည်သူအားလုံးအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် သိရှိနားလည်ပြီး မိမိအဖွဲ့အစည်း၊ မိမိဒေသရှိပြည်သူများ သိရှိနားလည်စေရေးအတွက် လက်ဆင့်ကမ်းရှင်းလင်းချပြပေးလိုပါကြောင်း၊ နိုင်ငံ၏ လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ခံယူကာ တက်ညီလက်ညီလက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ခေတ်စနစ်ပေါင်းများစွာ ဖြတ်သန်းလာသော မိမိတို့နိုင်ငံတွင် ယခုအခါ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဖော်ဆောင်နေချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက်အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အပေါ် မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းကဲ့သို့မေးမြန်းဆွေးနွေးရာတွင် တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ မှကိုယ်စားလှယ်များက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သည့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အား ထောက်ခံကြိုဆိုပါကြောင်းနှင့် လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဲတပ်ဖွဲ့ဝင် အယောင်ဆောင်၍ လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရိုးလေးကျေးရွာတွင် ယမန်နှစ် ဒီဇင်ဘာ ၂၄ ရက်က လှိုင်သာယာ အမှတ်(၂) ရဲစခန်းမှ တပ်ဖွဲ့ဝင်များဖြစ်သည်ဟု ပြောဆိုကာ အဆိုပါကျေးရွာနေ မဆောင်းနှင်းအေးထံမှ ငွေနှင့်ရွှေထည်ပစ္စည်း စုစုပေါင်းကျပ်သိန်း ၇၀ ကျော် ယူဆောင်ထွက်ပြေးသွားကြသူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထန်းတပင်မြို့နယ် ရိုးလေးကျေးရွာနေ မဆောင်းနှင်းအေး(၂၆) နှစ်သည် နေအိမ်အိပ်ခန်းအတွင်း မိသားစုနှင့်အတူ အိပ်နေစဉ် နေအိမ်ရှေ့မှ ခင်ပွန်းဖြစ်သူ၏အမည် ခေါ်သံကြားသဖြင့် သွားရောက်ကြည့်ရှုရာ အမည်မသိ အမျိုးသား သုံးဦးနှင့်အမျိုးသမီး တစ်ဦးတို့အား တွေ့ရှိရပြီး လှိုင်သာယာ အမှတ် (၂) ရဲစခန်းမှ ရဲများဖြစ်ကြောင်း ပြောဆိုကာ အဆိုပါ အမည်မသိလူများက မဆောင်းနှင်းအေး၏ မောင်ဖြစ်သူ အောင်ကိုကိုသန်းနှင့် ငယ်သူငယ်ချင်းဖြစ်သူအား မူးယစ်ရမ်းကားမှုဖြင့် ရဲစခန်းတွင် ဖမ်းထားကြောင်း၊ အမှုမဖြစ်လိုက ငွေကျပ် ငါးသိန်းပေးရန်နှင့် မပေးပါက ဒုက္ခရောက်လိမ့်မည်ဖြစ်ကြောင်းပြောသဖြင့် ငွေပေးရန် အိပ်ခန်းအတွင်းရှိ သေတ္တာထဲတွင်သိမ်းဆည်းထားသော ငွေနှင့်ရွှေထည်ပစ္စည်းများ ပါရှိသည့်အိတ်ကို ယူစဉ် အမျိုးသားတစ်ဦးက အိတ်အတွင်းရှိ ငွေကျပ် ၃၄၄၅၀၀၀နှင့် ရွှေထည်ပစ္စည်းခြောက်မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၇၃၄၀၀၀၀ တို့ကို ယူဆောင်ကာ ထွက်ပြေးသွားကြသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့ရာ တက်သစ်နယ်မြေရဲစခန်းက (ပ) ၁၃၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၂/၁၇၀ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ဖုန်းမှတ်တမ်းများမှတစ်ဆင့် မဆောင်းနှင်းအေး၏ အစ်ကိုဝမ်းကွဲတော်စပ်သည့် သီဟအောင်က ဒီဇင်ဘာ ၂၃ ရက်တွင် ဖုန်းဆက်ခေါ်သဖြင့် ယောက္ခမဖြစ်သူ မြင့်အောင်၊ သန္တာစိုး၊ သက်ပိုင်နှင့် စိုးမြင့်အောင်တို့ လေးဦး နေပြည်တော်မှ ရန်ကုန်သို့ ရထားဖြင့် ထွက်လာခဲ့ပြီး မင်္ဂလာဒုံမြို့နယ် မြသီတာရပ်ကွက်ရှိ သမီးဖြစ်သူ စိုးစိုးအောင်၏နေအိမ်၌ တည်းခိုခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက် ဝေပုလ္လလမ်း၌ သီဟအောင်နှင့် တွေ့ဆုံခဲ့ကြောင်း၊ သီဟအောင်က ထန်းတပင်မြို့နယ် ရိုးလေးရွာနေ ဒင်း၏ ညီမဝမ်းကွဲတော်စပ်သူ ဆောင်းနှင်းအေးထံမှ မောင်ဖြစ်သူ အောင်ကိုကိုသန်း(ခ) အကြင်နာ အပ်နှံထားသည့် ငွေများကို အောင်ကိုကိုသန်း ရဲစခန်းတွင်အဖမ်းခံရသဖြင့် အမှုကိစ္စဆောင်ရွက်ရန် ငွေများယူခိုင်း၍လာယူခြင်းဖြစ်သည်ဟု လိမ်လည်ပြောဆို၍ ငွေများကို ယူလာခဲ့ရန်ရှင်းပြခဲ့ကြောင်း၊ ည ၁၁ နာရီကျော်ခန့်တွင် သီဟအောင်နှင့် စိုးမြင့်အောင်တို့က အိမ်ရှေ့ လမ်းမပေါ်တွင်စောင့်နေခဲ့ပြီး မြင့်အောင်၊ သက်ပိုင်နှင့် သန္တာစိုးတို့ သုံးဦးက ဆောင်းနှင်းအေး၏ နေအိမ်သို့ ဝင်ရောက်ခဲ့ရာ အိမ်မှားနေ၍ အနီးရှိ နေအိမ်မှ အမျိုးသားတစ်ဦးက ဆောင်းနှင်းအေး၏ နေအိမ်ကို လိုက်ပြခဲ့ပြီး ပြန်သွားကြောင်း၊ ဆောင်းနှင်းအေး၏ နေအိမ်အတွင်းသို့ ရောက်သောအခါ သီဟအောင် မှာကြားထားသည့်အတိုင်း ပြောဆိုကာ ငွေနှင့်ရွှေထည်ပစ္စည်းထည့်ထားသည့် အိတ်အား လုယူကာထွက်ပြေးလာခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသဖြင့် မြင့်အောင်၊ သက်ပိုင်(ခ) ကျော်ဇင်မင်းနှင့် သန္တာစိုး(ခ)မေစိုးတို့သုံးဦးအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ် (၁၆/၂၀၁၄)ဖြင့် လက်ခံ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

Charming Myanmar
27000
130000
135000
GOLDEN STAR
RUBY
H.A.L

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၆ခ/၅၈၂၁၊ အမျိုးအမည် Mitsubishi Center အမျိုးအစား LIT မော်တော်ယာဉ်လက်ဝယ်ရှိသူ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ကညန(ကရင်ပြည်နယ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရုရှားနိုင်ငံ၏အကျိုးစီးပွားနှင့် နိုင်ငံသားများအား ကာကွယ်ရန် ယူကရိန်း၌ တပ်ဖွဲ့များဆက်လက်ချထားမည်ဟု ရုရှားသန္နိဋ္ဌာန်ချ

မော်စကို မတ် ၃

ယူကရိန်းနိုင်ငံအတွင်း ၎င်း၏တပ်ဖွဲ့များ ဆက်လက်ချထားရေးအတွက် ရုရှားနိုင်ငံက သန္နိဋ္ဌာန်ချထားကြောင်းနှင့် ယင်းသည် ထိုနိုင်ငံအတွင်း နိုင်ငံရေးတည်ငြိမ်မှု ပြန်လည်ရရှိသည်အထိ ရုရှားနိုင်ငံ၏ အကျိုးစီးပွားများနှင့် နိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်ကြောင်း ရုရှားနိုင်ငံက ယနေ့ပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် အစွန်းရောက်အမျိုးသားရေး ခြိမ်းခြောက်မှုများအား လူ့အခွင့်အရေးအတွက် ကာကွယ်တားဆီးပေးနေခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောကြားသည်။

ယခုအခါတွင် ရုရှားနိုင်ငံသည် ခရိုင်းမီးယားဒေသတွင် လက်တွေ့အားဖြင့် စစ်ရေးထိန်းချုပ်မှုများ ပြုလုပ်နေကြောင်း အနောက်အုပ်စုက စွပ်စွဲပြောကြားခဲ့ပြီး ယင်းသည် ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကျူးကျော်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံ၏ စစ်ရေးအရ ကျူးကျော်ဝင်ရောက်မှုအား ဆန့်ကျင်ရန် စစ်ရေးအရ အပြည့်အဝစုရုံးမှုအမိန့်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က မတ် ၃ ရက်တွင် ဂျီနီဗာမြို့၌ ပြောကြားရာတွင် ရုရှားတပ်ဖွဲ့များ ယူကရိန်းနိုင်ငံတွင်တည်ရှိနေခြင်းမှာ လိုအပ်ချက်ကြောင့်ဖြစ်ကြောင်း၊ ယင်းတို့၏တည်ရှိမှုမှာ ယူကရိန်းနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေများ ပုံမှန်အခြေအနေထိ ရောက်ရှိသည်အထိဖြစ်ကြောင်း ပြောကြားသည်။

ဘီဘီစီ။

စင်ဖီရိုပိုးလ်အပြင်ဘက် ပီရီဗာလ်နိုးရဲကျေးရွာတွင် ရုရှားစစ်သားများဟု ယူဆရသော လက်နက်ကိုင်များကို တွေ့ရစဉ်။

တာလီဘန်က အပစ်အခတ်ရပ်စဲရေး ကြေညာပြီးနောက် ပါကစ္စတန်အစိုးရက လေကြောင်းတိုက်ခိုက်မှုရပ်ဆိုင်း

အစ္စလာမ္မာဘတ် မတ် ၃

သောင်းကျန်းသူများသည် လွန်ခဲ့သောရက်က တစ်လကြာ အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့ခြင်းအား တုံ့ပြန်သည့်အနေဖြင့် ပါကစ္စတန်အစိုးရက တာလီဘန်စစ်သွေးကြွများအား လေကြောင်းမှ အဆက်မပြတ်တိုက်ခိုက်ခြင်းကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင်ကြေညာရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန် လမ်းပွင့်သွားပြီဖြစ်သည်။

စစ်သွေးကြွများ၏ ခုနစ်နှစ်ကြာသောင်းကျန်းမှုကို အဆုံးသတ်ရန် ရည်ရွယ်လျက် လွန်ခဲ့သည့်လ၌ အစိုးရက တာလီဘန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပခဲ့သည်။ သို့သော်လည်း တာလီဘန်တို့က အစိုးရစစ်သား ၂၃ဦးကို ပြန်ပေးဆွဲ၍ သတ်ဖြတ်ခဲ့သဖြင့် ဆွေးနွေးပွဲပျက်ပြားခဲ့ရသည်။

နိုင်ငံ၏အနောက်မြောက်ပိုင်းနှင့် မျိုးနွယ်စုတို့၏ဒေသကို စစ်ဘက်က လေကြောင်းမှ အဆက်မပြတ်တိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူ ၁၀၀ကျော် သေဆုံးခဲ့သည်။ တာလီဘန်တို့က ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည်စတင်ရန် ရည်ရွယ်၍ စနေနေ့တွင် တစ်လကြာ အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သည်။

တာလီဘန်တို့၏ အပြုသဘောဆောင်သော ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် အစိုးရက လေကြောင်းမှ တိုက်ခိုက်မှုကိုရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး ချောက်ဒရီနီဆာအလီခန်က တနင်္ဂနွေနေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဘီဘီစီ။

မြောက်ကိုရီးယားနိုင်ငံက တာတိုပစ် ဒုံးကျည်များ စမ်းသပ်ပစ်ခတ်

ဆိုးလ် မတ် ၃

မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ အရှေ့ပိုင်းကမ်းလွန်ပင်လယ်ပြင်အတွင်းသို့ နှစ်စင်းထက်ပိုသော တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ ယင်းသည် တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပုံမှန်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ်အတွင်း စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ယခုပစ်လွှတ်ခဲ့သော တာတိုပစ်ဒုံးကျည်များသည် ခရီးတာကီလိုမီတာ ၅၀၀ အထက်(မိုင် ၃၀၀)အကွာအဝေးထိ ရောက်ရှိနိုင်သော ဒုံးကျည်များဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ဒေါသဖော်ပြ

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏အိမ်နီးချင်း တောင်ကိုရီးယားနိုင်ငံက ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုများအပေါ်တွင် အမျက်ဒေါသထွက်ကြောင်း ဖော်ပြသည့်အနေဖြင့် တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုကို ပြုလုပ်ဖော်ပြလေ့ရှိသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၂၄ ရက်မှ ဧပြီလလယ်အထိ နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်လျက်ရှိနေသည်။

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၃ရက် နံနက်အစောပိုင်းတွင် ယင်းတာတိုပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို လုပ်ဆောင်ခဲ့ပြီး ယင်းဒုံးကျည်အမျိုးအစားမှာ စကတ်-စီ-စီအမျိုးအစားဖြစ်ကြောင်း၊ ယင်းဒုံးကျည်ဖြင့် တောင်ကိုရီးယားနိုင်ငံရှိ မည်သည့်ပစ်မှတ်ကိုမဆို ပစ်ခတ်နိုင်စွမ်းရှိကြောင်း တောင်ကိုရီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

ဘီဘီစီ။

ပါကစ္စတန်မြို့တော်ရှိ တရားရုံးတွင် တိုက်ခိုက်မှုဖြစ်ပွား ၁၁ဦးသေဆုံး၊ ၂၄ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် မတ် ၃

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်ရှိ တရားရုံးတွင် မတ် ၃ရက် နံနက်ပိုင်းက ပစ်ခတ်မှုနှင့် အသေခံဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ၁၁ဦးသေဆုံး၍ ၂၄ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမည်မသိ လက်နက်ကိုင်များက တရားရုံး၏ အနောက်ဘက်ပေါက်မှ ဝင်ရောက်လာကာ လူများအား သေနတ်များဖြင့်ပစ်ခတ်ခြင်း၊ ရှေ့နေများ၏ရုံးခန်းများအား လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ခြင်းများ ပြုလုပ်ကြောင်း အစ္စလာမ္မာဘတ်ရဲစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

တရားရုံးမှပေါက်ကွဲသံများကြားရ၍ အနီးအနားရှိ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး သေနတ်သမားများအား ပစ်ခတ်သဖြင့် သေနတ်သမားများက အသေခံဗုံးဖောက်ခွဲကြောင်း ပြောကြားသည်။

ဖြစ်စဉ်တွင် တရားသူကြီးတစ်ဦးနှင့် ရှေ့နေအချို့ သေဆုံးသည်။

စစ်သွေးကြွများက ရှောစောင်ကြီးများခြုံကာ လက်နက်များနှင့် ဗုံးများကိုင်ဆောင်ပြီး တရားရုံးအတွင်းသို့ ဝင်ရောက်လာကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တိုက်ခိုက်ရေးသမားနှစ်ဦးက အသေခံဗုံးခွဲ၍ နှစ်ဦးက ပစ်ခတ်ကာထွက်ပြေးသွားကြောင်း၊ တရားရုံးအတွင်းမှ ပစ်ခတ်မှုငါးကြိမ်၊ ခြောက်ကြိမ်ခန့်ကြားရကြောင်း မျက်မြင်ကြုံတွေ့သူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

ဘိုလီးဗီးယားတွင် လူကူးတံတားပြိုကျ လူလေးဦး သေဆုံး၊ ၆၀ကျော် ဒဏ်ရာရ

လာပတ်ဇ် မတ် ၃

ဘိုလီးဗီးယားနိုင်ငံတွင် မတ် ၁ရက်က လူကူးတံတား သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပနေစဉ် တံတားပြိုကျသွားရာ လူလေးဦးသေဆုံး၍ ၆၀ကျော် ဒဏ်ရာရရှိသွား ကြောင်း ဘိုလီးဗီးယားအစိုးရက မတ် ၃ ရက်တွင် ပြောကြားသည်။

သေဆုံးသူ လေးဦးအနက် သုံးဦးမှာ ဂီတဖျော်ဖြေရေး သမားများဖြစ်ပြီး နောက်တစ်ဦးမှာ ဂီတသမားများကို အားပေးသူ အမျိုးသမီးတစ်ဦးဖြစ်သည်။ ဒဏ်ရာရရှိသွားသူများအား လာပတ်ဇ်မြို့ရှိ ဆေးရုံ လေးရုံသို့ တင်ပို့ကုသပေးလျက်ရှိသည်။ တံတားသစ်ပြိုကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် တာဝန်ရှိသူများက ကြေညာချက် ထုတ်ပြန်ထားသည်။

ဆင်ဟွာ။

ရေကန်အတွင်း မိကျောင်းနှင့်မြွေတိုက်ပွဲတွင် မိကျောင်းကို မြွေကရစ်ပတ်ထားသည်ကို တွေ့ရစဉ်။

မြွေနှင့်မိကျောင်းတိုက်ပွဲ မြွေအစာ မိကျောင်းဖြစ်သွား

ဆစ်ဒနီ မတ် ၃

ဩစတြေးလျနိုင်ငံ ကွင်းစလင်းမြောက်ပိုင်းတွင် မြွေတစ်ကောင်သည် မိကျောင်းတစ်ကောင်နှင့် အချိန်ကြာမြင့်စွာ ယှဉ်ပြိုင်တိုက်ခိုက်ရာ အနိုင်ရရှိပြီးနောက်ဆုံး၌ မိကျောင်းကိုမြိုလိုက်ကြောင်း တနလ်ာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တနင်္ဂနွေနေ့၌ အီဆာတောင်အနီး မွန်ဒါဒါရေကန်အတွင်း၌ဖြစ်ခဲ့သော အဆိုပါအသက်လုပွဲကို ဒေသခံများက ကင်မရာဖြင့် မှတ်တမ်းတင်ခဲ့ကြခြင်းဖြစ်သည်။

ရေထဲတွင် စပါးကြီးမြွေဟုယူဆရသော ၁၀ ပေရှည်သည့်မြွေသည် မိကျောင်းကိုရစ်ပတ်ထားပြီး ဆွဲညှစ်ခဲ့ရာ မိကျောင်းသေဆုံးသွားခဲ့သည်။

မြွေကသေသွားသောမိကျောင်းကို ကုန်းပေါ်သို့ဆွဲယူလာခဲ့ပြီးမြိုချလိုက်ခြင်းဖြစ်သည်။ ဒေသတွင်းမှ စာရေးဆရာတစ်ဖနီကောလစ်က ယင်းရန်ပွဲကိုတွေ့ရှိပြီး ဓာတ်ပုံရိုက်ယူထားခဲ့ခြင်းဖြစ်သည်။

မြွေကမိကျောင်းတစ်ကောင်လုံးကိုမြိုချရန် အချိန် ၁၅ မိနစ်သာကြာခဲ့သည်ဟု ကောလစ်က ပြောသည်။

အခြားမျက်မြင်တစ်ဦးကလည်း ယင်းမြွေနှင့်မိကျောင်းတိုက်ပွဲမှာ ငါးနာရီနီးပါးမျှကြာခဲ့ကြောင်းပြောသည်။

ဘီဘီစီ။

သရက်မြို့၌ ဘောလုံးဗိုလ်လုပွဲနှင့် ပြိုင်ပွဲဆုရအသင်းများအား ဆုပေးပွဲ ကျင်းပ

သရက်　မတ်　၃

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)ကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် သင်တန်းပေါင်းစုံအားကစားပြိုင်ပွဲများမှ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယမန်နေ့နံနက် ၈ နာရီက မြို့မအားကစားကွင်း၌ ကျင်းပရာ Civil အသင်းနှင့် Mechanical အသင်းတို့ ယှဉ်ပြိုင်ကစားရာ Mechanical အသင်းက အနိုင်ရရှိကာ ပထမဆုရရှိခဲ့သည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေက အမျိုးသားဘော်လီဘော ပထမဆုရအသင်းကို ဆုများချီးမြှင့်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က အမျိုးသားပိုက်ကျော်ခြင်း ပထမဆုရအသင်းအား ဆုများချီးမြှင့်ပေးခဲ့သည်။ ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်) ကျောင်းအုပ်ဆရာကြီး ဦးမင်းမင်းဦးက ဘောလုံးပြိုင်ပွဲပထမဆုရ Mechanical အသင်းအား ဆုဖလားပေးအပ်ခဲ့သည်။ ယင်းနောက် နည်းပြနှင့် ဒိုင်အဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့တို့အား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဇော်ထက်(IPRD)**

စောရန်ပိုင်ဖလားဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

အလုံ　မတ်　၃

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် (၆)ကြိမ်မြောက် စောရန်ပိုင်ဖလားဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် ညနေ ၃ နာရီက စောရန်ပိုင်အနောက်ရပ်ကွက် ဝေဘာဂီလမ်းတွင် ကျင်းပရာ**(အပေါ်ပုံ)** မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလုံ မြို့နယ် ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာ စကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ပြီး မတ် ၈ ရက်အထိ နေ့စဉ်မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

အပူဒဏ်ကြောင့် ငါးသေဆုံးမှု နှိုးဆော်ချက်

- နံနက်ပိုင်း မိုးအုံ့သောရက်၊ နွေးကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေမှုတ်ပေးခြင်းစသည့် နည်းလမ်းများ ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိ ငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့်ငါးထည့်သွင်းမွေးမြူမှုနှုန်းကိုလည်း လျှော့ချရန်။
- ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရောင်အသွေးသတ်မှတ်ချက်များဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီတွင် ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို မတ် ၄ ရက်မှစ၍ မြင်သာ ကညနရုံးနှင့် ရန်ကုန်ဘူတာကြီးတွင် ပြောင်းလဲပြုလုပ်နိုင်

ရန်ကုန်　မတ်　၃

ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ပြုလုပ်ခြင်းကို မတ် ၄ ရက်မှစတင်၍ မြင်သာကညနရုံးနှင့် ရန်ကုန်ဘူတာကြီး လက်မှတ်အရောင်းဌာန ရုံးခန်းဝင်ပေါက်(၂) နေရာနှစ်ခုလုံးတွင် ပြောင်းလဲပြုလုပ်နိုင်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြင်သာ ကညနခရိုင်ဦးစီးမှူး ဦးစန်းယု၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို မြင်သာကညနရုံးနှင့် ရန်ကုန်ဘူတာကြီးတွင် ပြုလုပ်ပေးခြင်းမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ စီမံမှုဖြင့် ယင်းနေရာနှစ်ခုတွင် လာရောက်လုပ်ကိုင်သူများ အချိန်မြန်မြန်ဆန်ဆန်နှင့် နီးစပ်ရာနေရာများတွင် လာရောက်လုပ်ကိုင်နိုင်ရန် ပြောင်းလဲခြင်းဖြစ်ကြောင်း သိရသည်။

"ယာဉ်မောင်းလိုင်စင် လာရောက်လုပ်ကိုင်တဲ့အခါမှာ နီးစပ်ရာနေရာမှာ လာရောက်လုပ်ကိုင်နိုင်ဖို့အတွက် စီစဉ်ဖြစ်တာပါ။ မနက်ဖြန်မှစပြီးတော့ ရန်ကုန်ဘူတာကြီးနဲ့ မြင်သာ ကညန နှစ်နေရာလုံးမှာ ယာဉ်မောင်းလိုင်စင် လာရောက်ပြုလုပ်လို့ရပါပြီ။ အဲဒီနေရာတွေမှာမှ မလုပ်ချင်ဘူး ယခင်က လုပ်တဲ့ကိုယ့်သက်ဆိုင်ရာ မြို့နယ်မှာပဲ လုပ်ချင်တယ်ဆိုလည်း လုပ်လို့ရပါတယ်" ဟု မြင်သာ ကညနရုံး ခရိုင်ဦးစီးမှူး ဦးစန်းယုက ပြောသည်။

ယာဉ်မောင်းလိုင်စင်ပြုလုပ်ရာတွင် ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ဒဂုံမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ တာမွေမြို့နယ် စသည့် ၁၁ မြို့နယ်မှ ယာဉ်မောင်းလိုင်စင် ပြုလုပ်မည့်သူများ နီးစပ်ရာနေရာတွင် လာရောက်ပြုလုပ်နိုင်၍ မိမိသက်ဆိုင်သည့် မြို့နယ်များ၌လည်း လာရောက်ပြုလုပ်နိုင်ကြောင်း သိရသည်။ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်များမှ ယာဉ်မောင်းလိုင်စင် လာရောက်ပြုလုပ်လိုသူများမှာလည်း ရွာသာကြီး ကညနရုံးတွင် ယာဉ်မောင်းလိုင်စင် ပြုလုပ်နိုင်ကြောင်း သိရသည်။

မြင်သာ ကညနရုံးအတွင်းရှိ ကနဦး လိုင်စင်ပြုလုပ်သည့်ရုံးကိုလည်း ပြောင်းရွှေ့ရန် စီစဉ်နေလျက်ရှိပြီး နေရာအကျယ်အဝန်းတွေ့ရှိပါက ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

ရွှေကူမြို့နယ်အတွင်း တရားမဝင်တမလန်းသစ်များ သိမ်းဆည်းရမိ

ရွှေကူ မတ် ၃

ရွှေကူမြို့နယ်အတွင်း တရားမဝင်သစ်များ သယ်ဆောင်မှုမရှိစေရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ရွှေကူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်၊ ပြည်နယ်သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးနိုင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဇော်မြင့်ဝင်းအပါအဝင် ခုနစ်ဦးနှင့် သတင်းတပ်ဆွယ်မှ ရဲအုပ်ဝင်းမြင့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်က စီသောင်ကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ စီသောင်-ပေါင်းနက် ဆည်သွားကားလမ်း၌ ယာဉ်အမှတ်မပါ ဟီးနိုးအမျိုးအစား၊ ခေါင်းရှည်(အစိမ်းရောင်) ၁၀ ဘီးကားအားတွေ့ရှိသဖြင့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌တရားမဝင်တမလန်းခွဲသားဆိုဒ်စုံတုံးများတွေ့ရှိရပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကိုမတွေ့ရသဖြင့် အနီးပတ်ဝန်းကျင်တွင် လိုက်လံရှာဖွေခဲ့သော်လည်း ၎င်းတို့မှာ တိမ်းရှောင်နေကြောင်း သိရ၍ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါပိုင်ရှင်မဲ့ တမလန်းသစ်တင်ယာဉ်အား ရွှေကူမြို့နယ် သစ်တောဦးစီးဌာနရုံးသို့ မောင်းနှင်သယ်ဆောင်ကာ မော်တော်ယာဉ်ပေါ်မှ သစ်များအား တိုင်းထွာစစ်ဆေးခဲ့ရာ တမလန်းခွားရှေတုံး ၅၅ တုံး (၂ ဒသမ ၂၇၄တန်ခန့်)နှင့် တမလန်းတိုင် ၁၉ လုံး (သုည ဒသမ ၉၄၀ တန်ခန့်)အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိသဖြင့် ရွှေကူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မြင့်ဝင်းထံ စနစ်တကျလွှဲပြောင်းအပ်နှံ၍ သစ်တောဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ရဲတပ်ဖွဲ့)**

တမလန်းသစ်များ ကသာ၌ ဖမ်းဆီးရမိ

ကသာ မတ် ၃

ကသာမြို့နယ် ကသာ-ဗန်းမော်ကားလမ်း ဟဲနားရွာအနီးတွင် တရားမဝင်တမလန်းသစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ် သုံးစီးနှင့် ထော်လာဂျီတစ်စီးအား မတ် ၁ ရက် နံနက် ၈ နာရီတွင် ဖမ်းဆီးရမိသည်။

ကသာမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ခလရ (၁၈) စစ်ကြောင်း (၂)လှုပ်ရှားတပ်ဖွဲ့မှ ဗိုလ်မှူးကျော်ကျော်သက်၊ ကသာရဲစခန်းနှင့် ကသာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးကျော်ဦးနှင့်အဖွဲ့သည် ကသာ-ဗန်းမော်ကားလမ်း ဟဲနားရွာအနီးတွင် ယာဉ်မောင်း သိန်းဝင်းမောင်းနှင်သည့် ၉ခ/---- NISSAN ဆယ့်နှစ်ဘီးကားဖြင့် တမလန်း ၉၈ တုံး၊ ခန့်မှန်း ခုနစ် တန်၊ ယာဉ်မောင်း ကျော်စိုးမောင်းနှင်သည့် ၉၄/---- (လီဖန်း) ထော်လာဂျီဖြင့် တမလန်းသစ် ၃၂ တုံး၊ ခန့်မှန်း နှစ်တန်၊ ယာဉ်မောင်း မျိုးသူရထွန်း မောင်းနှင်သော နံပါတ်မပါ ခြောက်ဘီး(စိမ်း) ကားဖြင့် တမလန်း ၅၅ တုံး၊ ခန့်မှန်း လေးတန်၊ ယာဉ်နောက်လိုက်အုန်းဝင်းမောင်းနှင်သည့် ၄G/--- NISSAN ဆယ့်နှစ်ဘီးကားဖြင့် တမလန်းသစ် ၈၄ တုံး ခန့်မှန်း ခြောက်တန်တို့အား ဖမ်းဆီးရမိသည်။ ယာဉ်မောင်း လေးဦးအနက် မျိုးသူရထွန်းမှာ ထွက်ပြေးလွတ်မြောက်သွားသည်။ ဖမ်းဆီးရမိသည့် ယာဉ်မောင်းသုံးဦးအား ကသာရဲစခန်းမှ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိ တမလန်းသစ် ခန့်မှန်း ၁၉ တန်အား အင်းတော်မြို့နယ် ဂျုံးဂျုံးကျေးရွာမှ သယ်ယူလာခြင်းဖြစ်ပြီး ယာဉ်ပိုင်ရှင်များနှင့် တမလန်းသစ်ပိုင်ရှင်များအား ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

ဖက်တဲကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

ထီးချိုင့် မတ် ၃

ထီးချိုင့်မြို့နယ် ဖက်တဲကျေးရွာ၌ ယနေ့နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖက်တဲကျေးရွာနေ ဦးဘုန်းကျော်၏နေအိမ်မှ စတင်လောင်ကျွမ်းခဲ့ပြီး နံနက် ၁၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အိမ်ခြေ ၂၀ ခန့် မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

စောကလျာ(ထီးချိုင့်)

သိမ်ဇရပ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး သိမ်းဆည်းရမိ

သိမ်ဇရပ် မတ် ၃

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့ မုပ္ပလင်ကျေးရွာ စစ်တောင်းတံတား မုပ္ပလင်လမ်းဆုံတွင် မတ် ၃ ရက် နံနက် ၅ နာရီခန့်က သိမ်ဇရပ်နယ်မြေခံရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မျိုးလွင်နှင့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မြဝတီဘက်မှရန်ကုန်ဘက်သို့ ယာဉ်မောင်း ချစ်ကိုကိုဝင်း (၂၁) နှစ် အောင်နန်းရပ်ကွက် ဘားအံမြို့နေသူမောင်းနှင်လာသည့် Suzuki Wagon R အမျိုးအစား(အဖြူရောင်)ယာဉ်အမှတ် ၃ဂ/----ယာဉ်အား စစ်ဆေးရာ ယင်းယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့မော်တော်ယာဉ်အား မောင်းနှင်လာကြောင်း စစ်ဆေးပေါ်ပေါက်၍ သိမ်ဇရပ်နယ်မြေရဲစခန်းက ယာဉ်မောင်း ချစ်ကိုကိုဝင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(တံတားကျော်လွင်)

မီးပူဇော်ရာမှ နှစ်ထပ်ကျောင်းဆောင်မီးလောင်

ကော့ကရိတ် မတ် ၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ဒေါက်ဖလန်ကျေးရွာအုပ်စု သုံးဆယ်သုံးဆူကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မတ် ၃ ရက် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် ဘုရားစင်ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ပင်မကျောင်းဆောင် နှစ်ထပ်ကျောင်းဆောင်အား မီးလောင်ကျွမ်းခဲ့သည်။

ကျောင်းဆောင်မှာ အုတ်တိုင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးဆောင်ဖြစ်ပြီး ကျောင်းတိုက်ဆရာတော် ဦးပညာဝံသ သက်တော်(၆၂)နှစ်၊ ဝါတော်(၄၂)ဝါမှာ ဝဲလက်ဖျံရိုးကျိုး၊ ယာလက်မောင်း၊ မျက်နှာနှင့် ကျောကုန်းတို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့၍ ကော့ကရိတ်ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူခဲ့သည်။

ဆရာတော်၏ မီးလောင်ဒဏ်ရာများမှာ မစိုးရိမ်ရသော်လည်း နှလုံးသွေးကြောကျဉ်းရောဂါ အခြေအနေကြောင့် ဘားအံဆေးရုံ၌ဆက်လက်ဆေးဝါးကုသမှုခံယူမည် ဖြစ်ကြောင်း သိရသည်။

စိုးထက်အောင်(iprd)

ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး

ကျိုက်ထို မတ် ၃

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် တောင်သူစုရပ်ကွက် သမလလမ်းတွင် မတ် ၂ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က ဇေယျာမွန်ဘက်မှ တောင်သူစုဘက်သို့ မစိုးသန္တာအောင် (၂၂)နှစ် တောင်ကလေးကျေးရွာ ကျိုက်ထိုမြို့နေသူမောင်းနှင်လာသော Honda Dream (125) အမျိုးအစား ငှက်ခါးရောင်ဆိုင်ကယ် အမှတ်-၂၂ယ/.... နှင့် ယင်းဆိုင်ကယ်၏ ရှေ့ဘက်မှ မယမင်းခိုင် (၃၅)နှစ် (၁) လမ်း ဇေယျာမွန်ရပ်ကွက် ကျိုက်ထိုမြို့နေသူ မောင်းနှင်လာသော လော်ဂျာအမျိုးအစားအစိမ်းပုပ်ရောင်ဆိုင်ကယ်အမှတ် ၁၉ယ/....ဆိုင်ကယ်နှစ်စီးအား အနောက်မှ မြတ်ထွန်းလင်း (၃၂)နှစ် ခတ်ပုံလုပ်ငန်း တောင်သူစုရပ်ကွက် ကျိုက်ထိုမြို့နေသူ မောင်းနှင်လာသော Surf အမျိုးအစား ခဲရောင်ယာဉ်အမှတ် ၅ယ/....မော်တော်ယာဉ်က ဝင်ရောက်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ ရေတမာပင်နှင့် ခတ်တိုင်တို့အား ဆက်လက်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူများဖြစ်သော မစိုးသန္တာအောင်တွင် ဝဲမျက်နှာဖူးရောင်၊ ဝဲမေးရိုးကျိုးဒဏ်ရာများရရှိပြီး အခြင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မယမင်းခိုင်တွင် ဝဲ/ယာဒူး၊ ယာတံတောင်၊ ယာခြေဖမိုးပွန်းပဲ့၊ ရင်ဘတ်အောင့် မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့သဖြင့် ကျိုက်ထိုပြည်သူ့ဆေးရုံသို့ တင်ပို့၍ ဆေးကုသမှုခံယူလျက်ရှိပြီး ယာဉ်မောင်း မြတ်ထွန်းလင်းအား ကျိုက်ထို မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(တံတားကျော်လွင်)**

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်း ချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ယနေ့ ၄-၃-၂၀၁၄ ရက်တွင် ကျရောက်သော ဖေဖေ ဦးစိုးအောင်(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)နှင့် မေမေ ဒေါ်ငွေငွေရီ(ဒု-ဦးစီးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)တို့၏ နှစ်(၃၀)ပြည့် ပုလဲရတုမှသည် နောင်ရတုပေါင်းများစွာ ချစ်သောသား၊ သမီး၊ မြေးများနှင့်အတူ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာစွာဖြင့် ဖြတ်သန်းနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားကြီး - မောင်ဆုပိုင်အောင်-မကြည်ဖြူအောင်
သားအမြွာ - မောင်ရဲမွန်ဦး၊ မောင်ရဲမွန်အဲ
သားငယ် - မောင်ဝေယံဦး
မြေးလေး - မောင်ဇေလင်းထက်(ဖိုးသောကြာ)

မွေးနေ့ဆုမွန်

သား 'မျိုးမျိုး' [ဦးကျော်မျိုးထိုက်၊ မန်နေဂျာ(စီမံ)၊ မြန်မာ့သပြေဖိနပ်စက်ရုံ၊ စစ်ကိုင်း]

၄-၃-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည် သက်ရှည်ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုး သယ်ပိုးနိုင်ပြီး လိုရာဆန္ဒတွေပြည့်ဝစေဖို့ (၃၄)နှစ်မြောက်မွေးနေ့မှာ ဆုတောင်းမေတ္တာပို့သပါတယ်။ မေမေ





နေပြည်တော်
ဒက္ခိဏသီရိ၊ ဇမ္ဗူသီရိ
ဥတ္တရသီရိမြေကွက်များ
ဝယ်လိုသည်။
ဖုန်း-၀၉-၂၅၄၀၅၀၂၉၇၊ ၀၉-၇၃၈၀၆၈၈၈

တာချီလိတ်တွင် မြို့ပတ် လမ်း ဖောက်လုပ်မည်

တာချီလိတ်၊ မတ် ၃

ကျေးရွာနေပြည်သူလူထုအတွက် နစ်နာဆုံးရှုံးမှုနည်း၍ လမ်းကောင်းများရရှိရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို တာချီလိတ်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီအချိန်က ရှမ်းပြည်နယ်အစိုးရ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း (ခ) ဦးတင်ထွန်းအောင်မှ တာချီလိတ်မြို့ မြို့ပတ်လမ်းဖောက်လုပ်မှုနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကျေးရွာနေပြည်သူများမှလည်း တာချီလိတ်မြို့ပတ်လမ်း ဖောက်လုပ်ရေးအတွက် ကန့်ကွက်ရန်မရှိပါကြောင်း၊ လမ်းဖောက်လုပ်ပါက နစ်နာဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် မြို့ပတ်လမ်းဖောက်မည့်လမ်းနှင့် ပတ်သက်၍ လမ်းဖြောင့်/လမ်းကောက်နေရာများအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဟောင်လိတ်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝိလ်ဆင်မိုး၊ ကျိုင်းတုံမြို့မှ ဒုပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေ၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဌာနဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီများ ခရိုင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဦးကြီးမြင့်နှင့်အဖွဲ့ဝင်များ တာချီလိတ်ဒေသခံပြည်သူလူထုများ စုစုပေါင်း အင်အား ၂၅၀ ခန့် တက်ရောက်သည်။

မော်ကြီး (တြိဂံနယ်မြေ)

ယခုနှစ်၊ မတ် ၃၀ ရက်မှစပြီး ဧပြီ ၁၀ ရက်အတွင်း ကောက်ယူမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မတ် ၁ ရက်တွင် မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ဖေထွဏ်းဇော် (ရေစကြို)

သတင်းတိုများ

ပန်းနှမ်းစိုက်ပျိုးဝင်ငွေတိုး

ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ပန်းနှမ်းသည် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုတွင် စိုက်ပျိုးဖြစ်ထွန်းသော သီးနှံလည်းဖြစ်ရာ အထွက်တိုးပြီး တောင်သူများ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။ ယမန်နှစ်က ပန်းနှမ်းတစ်တင်းကို ကျပ် ၁၈၀၀၀ ခန့် ဈေးနှုန်းရှိပြီး လတ်တလောတွင် ဈေးကွက်ကို မခန့်မှန်းနိုင်သေးကြောင်း ပန်းနှမ်းစိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။ ပန်းနှမ်းကို ဂျပန်နိုင်ငံတွင် စီးပွားဖြစ်စိုက်ပျိုးကြပြီး ပဋိဇီဝဆေးဝါးများ ဖော်စပ်ရာတွင်လည်းကောင်း၊ အစားအစာများတွင်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း စိုက်ပျိုးသင့်ကြောင်း သိရသည်။ **ဖေထွဏ်းဇော် (ရေစကြို)**

အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် အောင်လံမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို အင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း၌ မတ် ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ အခမ်းအနားကို ရွာသူ၊ ရွာသားများနှင့် ကော်မတီဝင် ၁၇၀ တက်ရောက်ခဲ့သည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လဝကဦးစီးမှူး ဦးနိုင်ဦးလှိုင်က လက်ကမ်းစာစောင်များ ဝေငှ၍ မေးခွန်းပုံစံ ၄၁ ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် သိကောင်းစရာများကို အပြန်အလှန်ဆွေးနွေးခဲ့သည်။

ဇော်ထက်(ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသားများကို သင်ကြားခဲ့သော ဆရာ၊ ဆရာမများအား ဂုဏ်ပြု

ပခုက္ကူ၊ မတ် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသားကျောင်းသူများကို ဂုဏ်ထူးရအောင် ထူးချွန်စွာသင်ကြားပေးသော ဆရာ၊ ဆရာမများနှင့် မြို့နယ်အဆင့်အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်းအား ဂုဏ်ပြုဆုပေးအပ်ပွဲအား မတ် ၁ ရက်က ပြည်သာယာခန်းမ၌ ကျင်းပခဲ့သည်။

ဆုပေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

အောင်ချက်အကောင်းဆုံးကျောင်းအနေဖြင့် ၄၆ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် အထက ဝါဇီကျောင်းက ပထမ၊ ၃၉ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့် အထက ကံမကျောင်းက ဒုတိယ၊ ၃၈ ဒသမ ၃၁ ရာခိုင်နှုန်းဖြင့် အထက ကျွန်းချောင်းက တတိယရရှိခဲ့ပြီး ၂၀၁၃ ခုနှစ် ဘာသာရပ်အလိုက် ခြောက်ဘာသာဂုဏ်ထူးရှင် ၂ ဦး၊ ငါးဘာသာ ၁၂ ဦး၊ လေးဘာသာ ၇ ဦး၊ သုံးဘာသာ ၂၄ ဦး၊ နှစ်ဘာသာ ၅၅ ဦး၊ တစ်ဘာသာ ၁၀၃ ဦးတို့အပြင် ဂုဏ်ထူးရစေရန် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမ ၆၀ ကိုလည်း ဆုချီးမြှင့်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **နေဦးမောင်(ပခုက္ကူ)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး မွန်ပြည်နယ်တွင် ကျင်းပ

မော်လမြိုင်၊ မတ်လ ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၊ အစည်းအဝေးခန်းမ၌ မတ် ၁ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားသို့ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်စန်းစန်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၏ ဇနီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်/သထုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်/မြို့နယ်ခွဲ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့သည်။

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စန်းစန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ပညာသင်စရိတ်ချီးမြှင့်ပေးခဲ့သည့် ကျောင်းသူနှစ်ဦးကို ပညာသင်စရိတ် ထပ်ဆင့်ချီးမြှင့်ပေးအပ်ခဲ့ပြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထုတ်ပေးသည့် သက်ကြီး၊ သက်ငယ်အဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားများကို ခုနစ် မြို့နယ်မှ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများသို့ ပေးအပ်ခဲ့သည်။

မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်မြသန်းမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှစ်ပတ်လည်အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် ၁၂ ရပ်၊ ဆုံးဖြတ်ချက် ၆ ရပ် နှင့် ဘဏ္ဍာငွေရရှိ/သုံးစွဲငွေနှင့် ဘဏ်စာရင်းဖွင့်လက်ကျန်နှင့် စာရင်းပိတ်လက်ကျန်များနှင့်ပတ်သက်၍ ထည့်သွင်းရေးဆွဲရန်အတွက် မြို့နယ်များအား ဆွေးနွေးခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)

မကွေးတွင် အာဆီယံသပြေပင်များ လူကြိုက်များပြီး ရောင်းအားကောင်းသောကြောင့် စိုက်ပျိုးမှုများလာ

မကွေး၊ မတ် ၃

မကွေးမြို့နယ်ကျေးရွာများနှင့် မြို့စွန်ရပ်ကွက်များတွင် အာဆီယံသပြေပင်များကို လူကြိုက်များပြီး ရောင်းအားကောင်းသောကြောင့် စိုက်ပျိုးမှုများပြားလာကြောင်း ဒေသခံများကပြောသည်။

"အာဆီယံသပြေက တခြားသပြေတွေထက် ဈေးပိုရတယ်။ ရေတွင်းတူးပြီးရေသွင်း စိုက်ပျိုးတယ်။ အခုလို နွေဦးပေါက်ရာသီကစပြီး မနက်တစ်ခါ ညနေတစ်ခါ ရေသွင်းရတယ်။ ရေနည်းရင်သိပ်မကြိုက်သလို ရေများရင်လည်း မကြိုက်တဲ့သဘာဝရှိတယ်။ အပင်ပိုးမကျအောင် ရွက်ဖျန်းဆေးသုံးရတယ်။ ပေါင်းထိုး၊ မြက်ထိုး အလုပ်သမားကုန်ကျစရိတ်နဲ့ တခြားစိုက်ပျိုးရေးစရိတ်တွေတော့ ရှိတာပေါ့။ ဒါပေမယ့် ဈေးရပြီး အသုံးတွင်ကျယ်တော့ တွက်ခြေကိုက်ပါတယ်။ တချို့စိုက်ပျိုးရေးသမားတွေက အာဆီယံသပြေကိုပဲ ခြံတည်စိုက်ဖို့စိတ်ဝင်စားလာကြတယ်။ အောက်ခံ အပင်ပေါ်မှာ အာဆီယံသပြေမျိုး ကိုင်းကူးပျိုးထောင်စနစ်ကို သုံးတယ်။ တပေါင်းလကစပြီး သီတင်းကျွတ်လကုန်အထိ ပျိုးရတယ်။ သီတင်းကျွတ်ကုန်ရင် အပင်အစေးခာတ်ကုန်ပြီး ပျိုးပင်အပျက်အစီးများတယ်။ ပျိုးပင်ဈေးနှုန်းတွေကတော့ ပျိုးပင်သက်လအပေါ်မူတည်ပြီး ကျပ်ငွေ ၅၀၀ ကနေ ၇၀၀ အထိရှိတယ်။ မြေအကျယ်အဝန်းကိုလိုက်ပြီး အပင် ၁၀၀၀ ကနေ ၂၀၀၀ အထိ စိုက်ပျိုးလို့ရတယ်" ဟု မကွေးမြို့နယ်မှ သပြေစိုက်ခြံရှင်တစ်ဦးကပြောသည်။

ပန်းဈေးကွက်တွင် အာဆီယံသပြေအပါအဝင်သပြေပန်းရောင်းအားမှာ တစ်နှစ်ထက်တစ်နှစ် တဖြည်းဖြည်းမြင့်တက်လာသည်။

ဘုရားပန်း၊ နတ်ပန်းနှင့် မြန်မာ့ဓလေ့အလှူ မင်္ဂလာဆောင် လက်ကမ်းသပြေခက်အဖြစ် အသုံးတွင်ကျယ်သော အာဆီယံသပြေသည် ပတ္တမြားသပြေ၊ ရွှေသပြေနှင့် အခြားသပြေများထက် ပို၍လှပြီး အထားခံသောကြောင့် လူကြိုက်များခြင်းဖြစ်ကြောင်း ပြောသည်။

မကွေးမြို့နယ်၊ တောင်တွင်းမြို့နယ်နှင့် မင်းဘူးမြို့နယ်အပါအဝင် နေရာဒေသအများအပြားတွင် ခြံတည်၍ စနစ်တကျစိုက်ပျိုးလာကြပြီး အာဆီယံသပြေပျိုးပင် စိုက်ပျိုးရောင်းချသူများလည်း အရောင်းအဝယ်လိုက်လျက်ရှိသည်။

ကျော်စွာ(မကွေး)

ကလေးမြို့ရှိ ပျက်စီးသွားသော နတ်ဥယျာဉ်ဆည် ပြန်လည်တူးဖော်

ကလေး၊ မတ် ၃

ကလေးမြို့နယ်၊ ပျဉ်းတောဦးအုပ်စု၊ မင်းလှကျေးရွာအနီး နတ်တံခါးချောင်းမှ သွယ်ယူဖောက်လုပ်ထားသော နတ်ဥယျာဉ်ဆည်သည် မိုးတွင်းရာသီတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားခဲ့၍ ကျေးရွာနေပြည်သူများက ကျပ်သိန်းပေါင်း ၉၀ ကျော် မတည်ပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် တူးဖော်ခဲ့ကြောင်း သိရသည်။

ယခုချိန်တွင် ပျဉ်းတောဦးအုပ်စု၊ နန်းစောင်းပုအုပ်စု၊ ကံကြီးအုပ်စုတို့မှ ဆည်မြောင်းမကြီးအပြင် ကံကြီးအုပ်စုဘက်သို့ မြောင်းသွယ်တစ်ခု၊ နန်းစောင်းပုအုပ်စုဘက်သို့ မြောင်းသွယ်တစ်ခုဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေး၏ လမ်းညွှန်မှုဖြင့် နတ်ဥယျာဉ်ဆည် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရှည် ၁၅၀ ပေရှိ သစ်မာတိုင်ရိုက် ရေကာတာဆောက်လုပ်ခြင်း၊ ဆည်ရေလမ်းကြောင်း အရှည် ၇၆၀ ပေ၊ အကျယ် ၃၀ ပေဖြင့် ဖောက်လုပ်ခြင်းနှင့် ဆည်ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းများကို ကလေးခရိုင်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ၍ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ နတ်ဥယျာဉ်ဆည် ဖောက်လုပ်ခြင်းကြောင့် ပျဉ်းတောဦးအုပ်စု၊ နန်းစောင်းပုအုပ်စုနှင့် ကံကြီးအုပ်စုတို့၏ လယ်မြေ ၈၆၄၈ ဧကနှင့် ယာမြေ ၁၀၁၆ ဧကတို့အတွက် ဆည်ရေသောက်လုံလောက်စွာရရှိမည်ဖြစ်ပြီး ကျေးလက်နေ ပြည်သူ ၁၂၉၀၀ ဦးကျော်တို့၏ စားဝတ်နေရေး ဖူလုံလာမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

သတင်းတိုများ

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်မှုသင်တန်းဖွင့်

စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံးစက်ကိရိယာကိုင်တွယ်လေ့ကျင့်မောင်းနှင်မှုသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ရှိ အမှတ်(၃၅)စက်မှုလယ်ယာထွန်စက်စခန်းတွင် ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။ ၎င်းသင်တန်းကိုလုပ်ငန်းခွင်တွင်းရှိ သင်တန်းသား ၃၀ တက်ရောက်၍ စက်မှုလယ်ယာ စနစ်တကျလယ်ယာမြေများဖော်ထုတ်ရေး ဘာသာရပ်များအား စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ စက်မှုလယ်ယာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပုလဲမောင်နှင့် ရန်ကုန်တိုင်းစက်မှုလယ်ယာဦးစီးမှူး ဦးဇော်ဝင်းနိုင်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းပြသည်။ သင်တန်းကို ၂၀၁၄ ခုနှစ် မတ် ၇ ရက်နေ့အထိ ဖွင့်လှစ်မည်ဖြစ်၍ ထွန်စက်ကြီးနှင့်ထွန်ယက်ကိရိယာ၊ လက်တွန်းထွန်စက်၊ ကောက်စိုက်စက်၊ စပါးရိတ်စက်၊ ခြွေလှေ့စက်ပညာရပ်များကိုပါ သင်ကြားသွားမည်ဟု သိရသည်။

မြင့်ဦး(အင်းစိန်)

စာရေးဆရာအသင်းများ ဖွဲ့စည်းရေးဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ စာရေးဆရာအသင်း ဖွဲ့စည်းနိုင်ရေး ဆွေးနွေးညှိနှိုင်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအတွင်း၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက မြို့နယ်စာရေးဆရာအသင်းများ ဖွဲ့စည်းနိုင်ရေးအတွက် ကလောင်သစ်များထွက်ပေါ်ရေး၊ စာပေပြိုင်ပွဲများ ကျင်းပရေးတို့ကိုဆွေးနွေးပြီး သရက်ခရိုင် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအေးဝေ(အေးဝေသရက်) က ခရိုင်အတွင်း ၆ မြို့နယ်အနက် သရက်၊ အောင်လံနှင့် မင်းလှမြို့နယ်တို့သာ စာရေးဆရာအသင်း ဖွဲ့စည်းနိုင်ခဲ့ပြီး ကျန်မြို့နယ်များတွင်လည်း ဖွဲ့စည်းနိုင်ရန် စာများများရေးပြီး သတင်းစာ၊ ဂျာနယ်စာပေတိုက်များသို့ စာမူများပေးပို့ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(ပြန်/ဆက်)

နွေရာသီအခြေခံဘောလုံးသင်တန်း ဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အားကစားစွမ်းဆောင်ရှင်အသင်းနှင့် အခြေခံပညာဦးစီးဌာနက ပူးပေါင်းဖွင့်လှစ်သည့် မျိုးဆက်သစ်လူငယ်များ နွေရာသီအခြေခံဘောလုံးသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၇ နာရီက သရက်မြို့ ဗိုလ်ချုပ်အားကစားကွင်းအတွင်း၌ ကျင်းပရာ သင်တန်း(နာယက)နှင့် နည်းပြဆရာများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ အားကစားစွမ်းဆောင်ရှင်အသင်းနာယက ဦးအေးဝေ၊ ဥက္ကဋ္ဌ ဦးစန်းနွဲ့နှင့် အတွင်းရေးမှူး ဦးချိုချိုတို့က သင်တန်းသားများအား သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းပြသည်။ သုံးပတ်ကြာ ဖွင့်လှစ်မည့် သင်တန်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အားကစားသိပ္ပံမှ နည်းပြဆရာများဦးဆောင်သည့် လူငယ်ဘောလုံးအသင်းတို့ ပူးပေါင်းလေ့ကျင့်ပြီး ခြေစမ်းပွဲများကစားကာ ခြေစွမ်းခြေစရှိသော မျိုးဆက်သစ်လူငယ်များကို ရွေးချယ်၍ ခေါ်ယူလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ထက်(ပြန်/ဆက်)









ကလေးမြို့တွင် အခွင့်အရေးလိုင်စင် ၈၅ မျိုးကို မဲစနစ်ဖြင့် လေလံတင်ရောင်းချ

ကလေး၊ မတ် ၃

ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် အခွင့်အရေးလိုင်စင်များကို မဲစနစ်ဖြင့်လေလံ တင်ရောင်းချပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီ၌ မြို့တော်ခန်းမတွင်ကျင်းပရာ လိုင်စင် ၈၅ မျိုးကို လေလံတင်ရောင်းချပေးခဲ့သည်။

လေလံပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးအောင်မောင်းနှင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမောင်ထူးတို့က တက်ရောက်ခဲ့ပြီး လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ ဖြစ်သူ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်က မဲစနစ်ဖြင့် လေလံတင်ရောင်းချသည့်စနစ်ကို ရှင်းပြသည်။

ကလေးမြို့နယ်အတွင်းရှိ သားသတ်လိုင်စင် ၅၁ ခု၊ ကူးတို့လိုင်စင် ၁၈ ခု၊ မြို့ဝင်ဘီးကောက်လိုင်စင် ၁ ခု၊ အပေါင်ဆိုင်လိုင်စင် ၂ ခု၊ ဈေးကောက်လိုင်စင် ၇ ခုနှင့် အခြား လိုင်စင် ၆ ခု စုစုပေါင်းအခွင့်အရေး လိုင်စင်လုပ်ငန်း ၈၅ မျိုးကို လေလံလျှောက်ထားသူ ပြည်သူများအား ကလေးမြို့လေလံရောင်းချရေးအဖွဲ့က မဲစနစ်ဖြင့် လေလံတင် ရောင်းချပေးခဲ့သည်။

ဂျူနိုင်း

ပါဂျဲရိုး ကားဖြင့် ချိတ်မိရာမှ အမျိုးသမီးတစ်ဦး ဆေးရုံတွင် သေဆုံး၊ ကားမောင်းသူ အရေးယူထား

မော်လမြိုင်ကျွန်း၊ မတ် ၃

မော်လမြိုင်ကျွန်းမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က လမ်းဘေးမှလမ်း လျှောက်လာသူ အမျိုးသမီးတစ်ဦးသည် ပါဂျဲရိုးကားတစ်စီးနှင့် ချိတ်မိရာမှ ဒဏ်ရာများစွာရရှိပြီး ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် မော်ကျွန်းကုတင် ၁၀၀ ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်းသိရသည်။

မော်လမြိုင်ကျွန်းမြို့ အမှတ် (၁) ရပ်ကွက်၌ ဖြစ်ပွားခဲ့သော ထိုဖြစ်စဉ်တွင် မရမ်းကုန်းမြို့နယ် အင်းယားရိပ်သာလမ်း အမှတ် (၁၀) အေတွင် နေထိုင်သူ အသက် ၄၉နှစ် အရွယ်ရှိ ဇော်မိုးသည် အချင်းဖြစ်ပွားသည့်နေ့က မော်လမြိုင်ကျွန်းမြို့ အောင်ဆန်းလမ်းမကြီးအတိုင်း တောင်မှ မြောက်သို့ ပါဂျဲရိုး အမျိုးအစားအဖြူရောင်ကားဖြင့် မောင်းနှင်လာစဉ် အောင်ဆန်းလမ်းနှင့် (၅) လမ်းထိပ် အရောက် လမ်းဘေးတွင်လမ်းလျှောက်နေသော မော်လမြိုင်ကျွန်းမြို့နေ မလှလှအား ချိတ်မိရာမှ မလှလှတွင် ဒဏ်ရာများရရှိပြီး သတိလစ်နေကြောင်း ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးတွေ့ရှိခဲ့သဖြင့် မော်ကျွန်းကုတင် (၁၀၀) ဆေးရုံသို့ပို့အပ်ခဲ့ပြီး မော်တော်ယာဉ်မဆင်မခြင် မောင်းနှင်သူ ဇော်မိုးအား မြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သည်။

ထိခိုက်ဒဏ်ရာများ ရရှိသူ မလှလှမှာ မော်ကျွန်း ကုတင် (၁၀၀) ဆေးရုံတွင် ဖေဖော်ဝါရီ ၂၅ ရက်နေ့က သေဆုံးခဲ့သဖြင့် ဇော်မိုးအား ယာဉ် (ပ) ၄/၂၀၁၄ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ မှ ၃၀၄ - က ဖြင့် ပြောင်းလဲ အရေးယူထားကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

သထုံမြို့နယ်အတွင်းရှိ သက်ပြည့်ပင်စင်စားများအတွက် ဒုတိယအကြိမ် ဖုန်းကတ်များ မဲစနစ်ဖြင့် ခွဲဝေပေးနေစဉ်။

သထုံတွင် ပင်စင်စားများအတွက် ဖုန်းကတ်များ မဲစနစ်ဖြင့် ဒုတိယအကြိမ် ခွဲဝေပေး

သထုံ၊ မတ် ၃

မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်းရှိ ပင်စင်စားများအတွက် ဒုတိယအကြိမ်အဖြစ် မိုဘိုင်းဖုန်း ဆင်းကတ်များအား မတ်လ ၁ ရက်နေ့က မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ရက်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများက ပွင့်လင်း မြင်သာစွာ မဲစနစ်ဖြင့် ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်၏ စာရင်းဇယားများအရ သထုံမြို့နယ်အတွင်း အငြိမ်းစား ပင်စင်စားပေါင်း ၆၃၄ ဦးရှိရာ ပြည်နယ်အစိုးရအဖွဲ့၏ ခွဲဝေချက်အရ ပထမအကြိမ်တွင် ဖုန်းကတ် ၃၅၀ ကို ရရှိခဲ့ပြီး ယခု ဒုတိယအကြိမ်တွင် ကတ် ၁၀၀ ရရှိသည်။

ကမာရွတ်မြို့နယ်တွင် သန်းခေါင်စာရင်း ကောက်ယူရေး ဆိုင်ရာများ ဆွေးနွေး

ရန်ကုန်၊ မတ် ၃

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၌ ၂၀၁၄ ခုနှစ် မတ်လတွင် ကောက်ခံမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဆွေးနွေးပွဲကို ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် မတ်လ ၁ ရက် မွန်းလွဲ ၂ နာရီ က ကျင်းပခဲ့သည်။

လူဦးရေသန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို စီမံကိန်းကိစ္စရပ်များမှလွဲ၍ အခြားမည်သည့်ကိစ္စတွင်မှ အသုံးမပြုရန် ဥပဒေပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများက စာရင်းကောက်များမေးမြန်းသော မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုခြင်းဖြင့် ကူညီပေးစေလိုကြောင်း သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်းစာရင်းဆိုင်ရာ အချက်အလက်များကို ရှင်းပြခဲ့သည်။

ကမာရွတ်မြို့နယ်အတွင်း၌ ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်ရှိရာစာရင်းကောက်ကွက်ပေါင်း ၁၂၃ကွက် သတ်မှတ်ထားပြီး စာရင်းကောက် /စာရင်းစစ် ၁၈၂ ဦးတို့က ကောက်ခံသွားမည်ဖြစ်ရာ စာရင်းကောက်ယူမည့်အိမ်များသို့ ကြိုတင်အကြောင်းကြားသွားမည် ဖြစ်သည်။ **(၀၄၈)**

ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းအတွက် နော်ဝေအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်

မန္တလေး၊ မတ် ၃

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နော်ဝေအစိုးရနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်းရေးဆွဲခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပင်မစီမံကိန်းဟာ အချိန်ကာလနဲ့ အခြေအနေကိုလိုက်ပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်မှုပြုနိုင်တဲ့ စာတမ်းတစ်စောင်ပါ။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့အတွက်အရေးကြီးတဲ့အောင် မြင်မှုမှတ်တိုင်လဲဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ပူးပေါင်းမှုပင်မစီမံကိန်းတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာများ၊ ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲမှုစနစ်များရေးဆွဲခြင်း၊ လုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာများကို ပိုမိုခိုင်မာစေခြင်း၊ အရည်အသွေးမီ ထုတ်ကုန်များ ဖွံ့ဖြိုးစေခြင်းနှင့် အခြားအရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များပါဝင်သည်။

ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ ချမှတ်ပြီး စီမံကိန်းများရေးဆွဲရာ၌ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အစီအမံများထည့်သွင်းရေးဆွဲရန်ဖြစ်ပြီး၊ ကျား/မကွဲပြားခြားနားမှုစိစစ်ချက်များကို ထည့်သွင်းစဉ်းစားပါမည်ဟု သိရသည်။

"မြန်မာနိုင်ငံကို ဝင်ရောက်သူဦးရေ စာရင်းတိုးတက်ရေးတစ်ခုတည်းကို အဓိကထား မဆောင်ရွက်ဘဲခရီးသွားလုပ်ငန်းကဏ္ဍရဲ့တိုးတက်မှုကိုအမြဲစောင့်ကြည့်သွားပြီး နိုင်ငံတော်အဆင့်၊ ပြည်နယ်နဲ့တိုင်းဒေသကြီးတို့ရဲ့ ဖွံ့ဖြိုးမှုစီမံကိန်းများရဲ့မူဘောင် အတွင်းက နေတန်ဖိုးမြင့်တဲ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို ဆောင်ရွက်သွားပါမယ်" ဟု ပြောသည်။

အဆိုပါပင်မစီမံကိန်းအားနော်ဝေနိုင်ငံအစိုးရအဖွဲ့၊အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပင်မစီမံကိန်း ရေးဆွဲရေးပညာရှင်အဖွဲ့ခေါင်းဆောင်ဒေါက်တာပေါ(လ်)ရောဂျား(စ်)မှရေးဆွဲခဲ့ခြင်းဖြစ်သည်။

အောင်ရဲသွင်



ရခိုင်ရှိ လူနာ ၇၀၀ ကျော်အတွက် ART ဆေးဝါး ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်တာဝန်ယူမည်

ရခိုင်၊ မတ် ၃

ရခိုင်ပြည်နယ် အေးချမ်းသာယာမှု မရရှိသေးစဉ်ကာလအတွင်း နယ်စည်းမထား ဆရာဝန်များအဖွဲ့ (Medicins Sans Frontieres Holland MSF) အဖွဲ့က စောင့်ရှောက်နေသော HIV၊ AIDS လူနာ ၇၀၀ ကျော်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်တာဝန်ယူမည်ဖြစ်ကာ ART ဆေးဝါးထောက်ပံ့မှုများကို ပြည်သူ့ဆေးရုံကြီးများနှင့် ချိတ်ဆက်ကာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမျိုးသားခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးစီမံချက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ထွန်းညွန့်ဦးက ပြောသည်။

ART ဆေးဝါးများကို စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိဆေးရုံများတွင် မတ်လဆန်းမှ စတင်ကာ ထုတ်ယူနိုင်ရန် စီစဉ်ထားကြောင်း ၎င်းကပြောသည်။

နယ်စည်းမထား ဆရာဝန်များ အဖွဲ့ (MSF) ၏ လုပ်ငန်းများကို ရခိုင်ပြည်နယ်အတွင်း ခေတ္တရပ်နားထားသော်လည်း ကျန်သည့်ပြည်နယ်နှင့်တိုင်း ၁၃ ခုတွင် ထောက်ပံ့ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ နယ်စည်းမထား ဆရာဝန်များအဖွဲ့ MSF Holland (Medicins Sans Frontieres Holland (AZG) ၏ လုပ်ငန်းအားလုံးကို လုံးဝရပ်ဆိုင်းစေပြီး လူနာများအား ဆေးဝါးများ ထောက်ပံ့နေမှုများ ရပ်ဆိုင်းတော့မည်ဆိုသည့် သတင်းထွက်ပေါ်မှုကို မှန်ကန်မှုမရှိကြောင်း သတင်းထုတ်ပြန်ချက်ကို မတ်လ ၁ ရက်က ထုတ်ပြန်ခဲ့သည်။

ART ဆေးဝါးများကို စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တော. . .

အဆိုပါ ထုတ်ပြန်ချက်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နယ်စည်းမထား ဆရာဝန်များအဖွဲ့ MSF Holland (AZG) ၏ တာဝန်ရှိသူများ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြောင်းသိရသည်။

ထိုဆွေးနွေးပွဲ၏ သဘောတူညီချက်အရ နယ်စည်းမထား ဆရာဝန်များအဖွဲ့ MSF Holland (AZG) အဖွဲ့၏ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသော နယ်စည်းမထား ဆရာဝန်များအဖွဲ့ MSF Holland (AZG) ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူလူထု၏ လက်ခံမှု၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ အားပေးထောက်ခံမှုတို့ကြောင့် ပြည်သူလူထုအကျိုးအတွက် ဆက်လက်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပါရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များနှင့် လက်တွဲ၍ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခု MSF Holland (AZG)၏ လုပ်ငန်းဆောင်ရွက်မှုများကို နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ (MoU) ကိုလည်း နှစ်အပိုင်းအခြားလိုက် ဆက်လက်ညှိနှိုင်းရေးထိုးမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း အေးချမ်းတည်ငြိမ်မှု ရရှိလာသည့်အခါ နယ်စည်းမထား ဆရာဝန်များအဖွဲ့ MSF Holland (AZG) ၏ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း စွမ်းဆောင်ချက်များကို ပြန်လည်သုံးသပ်ကာ အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း အေးချမ်းတည်ငြိမ်မှုရရှိလာသည့်အခါ နယ်စည်းမထားဆရာဝန်များအဖွဲ့. . .

နယ်စည်းမထား ဆရာဝန်များ အဖွဲ့ (MSF) သည် ၁၉၉၂ ခုနှစ်က စတင်၍ ကျန်းမာရေး ဝန်ကြီးဌာနနှင့် လက်တွဲလုပ်ကိုင်ခဲ့သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံတစ်ဝန်းလူဦးရေ လေးသိန်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အဖွဲ့တစ်ခုလည်း ဖြစ်သည်။

အောင်(မန်း)

သတင်းတိုများ

သာကေတမြို့နယ်တွင် အုန်းထန်းပင်ခုတ်ရာက အလူမီနီယံလှေကားမှတစ်ဆင့် ဓာတ်လိုက်သေဆုံး

သာကေတမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်သူမြတ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီခွဲခန့်က ရန်ကုန်ဆေးရုံကြီးတွင် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ အသက် ၅၇ နှစ်အရွယ် အမျိုးသားဖြစ်ပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က တက္ကစီအငှားယာဉ်လုပ်ငန်း ကုမ္ပဏီရှေ့ရှိ အုန်းထန်းပင်များကို အလုပ်သမားဖြစ်သူ ကိုနိုင်ဝင်းကို တက်ခုတ်စေပြီး ၎င်းအုန်းထန်းပင်အောက်ရှိ အလူမီနီယံလှေကားကို ကိုင်ပေးစဉ် လမ်းဘေးရှိ ဗို့အား ၆၆၀၀ ဓာတ်အားလိုင်းနှင့် သစ်ကိုင်းတို့ ထိမိကာ ဦးနွယ်ဝင်းဓာတ်လိုက်ကာ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သည်။ သာကေတနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂/၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့ရုံးထံမှ သိရသည်။

ရဲမြတ်ဘုန်းခေါင်

လှည်းကူးတွင် တရားမဝင်ကျွန်းသစ်ခွဲသား ၁၂၁ ချောင်းအား သိမ်းဆည်းရမိ

ဖေဖော်ဝါရီ ၂၇ ရက်နေ့ နံနက် ၃ နာရီခန့်က လှည်းကူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးဖြိုးဇင်မွန်နိုင်နှင့်အဖွဲ့သည် အမှတ်-၁ လမ်းမကြီးအတိုင်း ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် နစ်ဆန်းယာဉ်ကို စစ်ဆေးခဲ့ရာ ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးခဲ့သောကြောင့် လိုက်လံဖမ်းဆီးခဲ့သည်။ ထိုသို့လိုက်လံဖမ်းဆီးခဲ့ရာ မိုင်တိုင်အမှတ် ၂၈/၂ အရောက်တွင် ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့စဉ် ယာဉ်မောင်းနိုင်ဝင်း (စုံစမ်းဆဲ) နှင့် သစ်ပိုင်ရှင် မင်းသိန်းတို့မှာ ယာဉ်ကိုထားခဲ့ကာ ထွက်ပြေးသွားခဲ့ပြီး တောင်ငူမြို့နယ်နေ ယာဉ်နောက်အေးကျော် ၆၈ နှစ်ကို ဖမ်းဆီးရမိခဲ့သည်။ ယာဉ်အတွင်းမှ သစ်ခွဲသား ၁၂၁ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့သောကြောင့် လှည်းကူးမြို့မရဲစခန်းက (ပ)၇၈/၁၄ သစ်တောဥပဒေပုဒ်မ ၄၃(က)အရ အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံးထံမှ သိရသည်။

ရဲမြတ်ဘုန်းခေါင်

ကျောက်ပန်းတောင်းမြို့နယ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် မီးဖိုချောင်သုံးထင်းများ ဖြန့်ဝေ

ကျောက်ပန်းတောင်း၊ မတ် ၃

အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာက ပညာပေးစည်းရုံးခြင်းနှင့် မီးဖိုချောင်သုံးထင်းများဖြန့်ဝေပေးခြင်းကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တွင် မတ် ၁ ရက် နံနက် ၁၀ နာရီက ကျောက်ပုံသဘာဝတောကျွန် ထိန်းသိမ်းကာကွယ်တော ဧက ၁၀၀၀ ပင်မတဲစခန်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒေသခံပြည်သူလူထု၏ ထင်းလောင်စာလိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ဒေသခံပြည်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသိစိတ်ရှိရှိ ပူးပေါင်းပါဝင်လာစေရန်နှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းရခြင်း၏ အကျိုးကျေးဇူးကို သိမြင်နားလည်လာစေပြီး သစ်တောသစ်ပင်များအပေါ် ချစ်ခင်မြတ်နိုးစွာ ထိန်းသိမ်းလာတတ်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါ အိမ်သုံးထင်းဖြန့်ဝေခြင်းလုပ်ငန်းသို့ အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ကျောက်ပုံကျေးရွာ၊ တယ်ပင်တဲကျေးရွာနှင့် ရသေ့တောင်ကျေးရွာများမှ အိမ်ထောင်စုဝင်များ တက်ရောက်ကြ၍ ကျောက်ပန်းတောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်မြင့်က သစ်တော ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများကို ပညာပေး ရှင်းလင်းဟောပြောပြီး အိမ်ထောင်စုအလိုက် ထင်းများဝေငှပေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျောက်ပုံသဘာဝတောကျန်ထိန်းသိမ်းကာကွယ်ခြင်း ဧက ၁၀၀၀ အတွင်းမှ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်း ၁၀၀ ဧကအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းစဉ်များအားလုံး ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ ထွက်ရှိလာသော ထင်းကုဗတန် ၅ ဒသမ ၅၄၄ တန်အား အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံများထံ ဖြန့်ဝေပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)









မြန်မာ့လေကြောင်း ဥပဒေကြမ်း

မြန်မာ့လေကြောင်းဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - - - ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

နိဒါန်း

နိုင်ငံတော်ပိုင် မြန်မာ့လေကြောင်းကို ၁၉၅၂ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတည်ထောင်ပြီး လေကြောင်းပို့ဆောင်ရေးတာဝန်များအား ထမ်းဆောင်စေခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် အရေးကြီးသည့် လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍအား အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာ့လေကြောင်း၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည် နှင့် အဓိပ္ပာယ် ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြန်မာ့လေကြောင်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဂ) **မြန်မာ့လေကြောင်း** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့လေကြောင်းကို ဆိုသည်။

(ဃ) **ဦးဆောင်ညွှန်ကြားရေးမှူး** သို့မဟုတ် **အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ မြန်မာ့လေကြောင်း၏ အကြီးအမှူးကို ဆိုသည်။

(င) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေဖြင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် သို့မဟုတ် စည်းကမ်းဥပဒေများဖြင့်သော် လည်းကောင်း၊ တည်ဆဲဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းသော မြန်မာ့လေကြောင်း စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(စ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင်ကုန်သွယ်မှုလုပ်ငန်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့်အစိုးရအဖွဲ့က ဝန်ဆောင်မှု လုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာ့လေကြောင်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် လေကြောင်းစီးပွားရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ခ) မြန်မာ့လေကြောင်း၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှုစနစ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊

(ဂ) မြန်မာ့လေကြောင်းအား နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြန်မာ့လေကြောင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များအပ်နှင်းနိုင်ရန်၊

(ဃ) မြန်မာ့လေကြောင်းအား အမှီအခိုကင်းစွာ ရပ်တည်နိုင်ရန် လုပ်ငန်းများကို ပြောင်းလဲဖွဲ့စည်းပြီး နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျ စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုနိုင်ရန်။

အခန်း (၃)

မြန်မာ့လေကြောင်း ဖွဲ့စည်းခြင်း

၄။ မြန်မာ့လေကြောင်းသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ရမည်။

(ခ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

(ဂ) ဥပဒေနှင့်အညီ စီးပွားရေးဆန်ဆန် ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

(ဃ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

(င) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်၊ ယန္တရား၊ စက်ကိရိယာ၊ ကုန်ပစ္စည်းစသည့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကိုလည်းကောင်း ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။

(စ) မိမိဝန်ထမ်းများ၏ အရည်အချင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရလိုအပ်သလို သတ်မှတ်ထားရှိရမည်။

၅။ (က) ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် မြန်မာ့လေကြောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအားလုံးကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့စဉ်ရရှိခဲ့သည့် ရာထူးတာဝန်နှင့် ရပိုင်ခွင့်ထက် မလျော့နည်းစေဘဲ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့လေကြောင်းသို့ လွှဲပြောင်းပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များအား ထမ်းဆောင်ခဲ့သော ကာလအချိန်အတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၆။ (က) မြန်မာ့လေကြောင်းရှိ ဌာနကြီးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများအား ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှ ဖယ်ရှားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်အပ်သော အရာထမ်းသည် အသက် ၆၀နှစ် ပြည့်ပါက သက်ပြည့်အငြိမ်းစားယူခွင့်ပေးခြင်း သို့မဟုတ် လုပ်ငန်းလိုအပ်ချက်အရ သော်လည်းကောင်း၊ ကာယကံရှင်၏ ကျန်းမာရေးအခြေအနေအရသော်လည်းကောင်း ဆက်လက်တာဝန်ထမ်းဆောင်လိုသောအဆိုပါ အရာထမ်းအား အသက် ၆၅နှစ် ပြည့်သည့်အချိန်အထိ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်စီ သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်နိုင်သည်။

အခန်း (၄)

မြန်မာ့လေကြောင်း၏လုပ်ငန်းတာဝန်များ

၇။ မြန်မာ့လေကြောင်းသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) ပြည်တွင်း၊ ပြည်ပလေကြောင်း ခရီးစဉ်နှင့်စင်းလုံးငှားခရီးစဉ်များ ပြေးဆွဲခြင်း၊

(ခ) ပြည်တွင်း၊ ပြည်ပ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ အခြားသော ဝန်ဆောင်မှုလုပ်ငန်း အမျိုးမျိုးတို့ကို ဆောင်ရွက်ခြင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လေကြောင်းစီးပွားရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် လေယာဉ်ဆီ၊ စက်ဆီ၊ ချောဆီများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊

(ဃ) လေယာဉ်တင်အစားအစာ လုပ်ငန်းဆောင်ရွက်ခြင်း၊

(င) ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများနှင့် လက်မှတ်အရောင်းကိုယ်စားလှယ်လုပ်ငန်း ဆောင်ရွက်ခြင်း၊

(စ) ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း၊ ပြည်ပမှ လေယာဉ်နှင့် လေယာဉ်၏ ဆက်စပ်ပစ္စည်းများ ငှားရမ်းလုပ်ကိုင်ခြင်း၊

(ဇ) ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများ၏လေယာဉ်များ အကြီးစားနှင့် အသေးစား ပြုပြင်ထိန်းသိမ်းခြင်း၊

(ဈ) လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာများနှင့် ကျွမ်းကျင် ဝန်ထမ်းများစုဆောင်းခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လေကြောင်းဆိုင်ရာ သင်တန်းကျောင်းများ ဖွင့်လှစ်၍ နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသား လေယာဉ်မှူး၊ လေယာဉ်သား၊ စက်မှုအင်ဂျင်နီယာ၊ စက်ပြင်နှင့် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) လေယာဉ်အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) လေယာဉ်စီးခရီးသည်များကို မော်တော်ယာဉ်ဖြင့် ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) လေဆိပ်ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) လေကြောင်းအာမခံလုပ်ငန်းများကို သင့်လျော်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) ပို့ဆောင်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

အခန်း (၅)

စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့လေကြောင်းအား စီးပွားရေးဆန်ဆန် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန် ဦးဆောင်မှုပေးမည့် စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကိုးဦးထက်မပိုသော အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ - ဥက္ကဋ္ဌ

(ခ) ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် အမှုဆောင်အရာရှိချုပ် - အဖွဲ့ဝင်

(ဂ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်ဟု ယူဆသူတစ်ဦး - အဖွဲ့ဝင်

(ဃ) စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး - အဖွဲ့ဝင်

(င) စီမံခန့်ခွဲရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦး - အဖွဲ့ဝင်

(စ) ဝန်ကြီးဌာနက ခန့်အပ်သည့် ကိုယ်စားလှယ်များ - အဖွဲ့ဝင်

၉။ ဥက္ကဋ္ဌသည် သင့်လျော်သူတစ်ဦးဦးကို အဖွဲ့၏အတွင်းရေးမှူးအဖြစ် ခန့်ထားရမည်။

၁၀။ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေးတွင် အဖွဲ့ဝင်ဦးရေ၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းတက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။ သတ်မှတ်ဦးရေမတက်ရောက်ပါက အစည်းအဝေးကို သင့်လျော်သောနေ့ရက်သို့ ရွှေ့ဆိုင်းရမည်။

၁၁။ အစည်းအဝေးသို့ တင်ပြသည့် ကိစ္စရပ်များအားလုံးကို အစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်များအနက် အများစု၏မဲဆန္ဒဖြင့်ဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၂။ (က) ပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ဝင်အဖြစ်မခန့်ထားမီ ထိုပုဂ္ဂိုလ်မှာ အဖွဲ့ဝင်အဖြစ် မိမိအလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ရှိမည်မဟုတ်ဟု ပြည်ထောင်စုဝန်ကြီးက ကျေနပ်ရမည့်သူ ဖြစ်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ကပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်တွင်သော်လည်းကောင်း၊ ရောင်းမှု၊ သို့မဟုတ် ဝယ်ယူမှုတစ်ခုခုတွင်သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်သည့် အဖွဲ့ဝင်သည် မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ထုတ်ဖော်ပြောဆိုချက်ကို အဖွဲ့အစည်းအဝေးမှတ်တမ်းများတွင် ရေးမှတ်ထားရမည်ဖြစ်ပြီး သက်ဆိုင်သည့် အဖွဲ့ဝင်သည် ယင်းပဋိညာဉ်နှင့်သော်လည်းကောင်း၊ ရောင်းမှု သို့မဟုတ် ထိုဝယ်မှုနှင့်သော်လည်းကောင်း စပ်လျဉ်း၍ စီမံခန့်ခွဲရေးအဖွဲ့ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းပြုရာတွင် မပါဝင်ရ။

၁၃။ (က) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ ပြည်ထောင်စုဝန်ကြီးက အသစ်ရွေးချယ်ခန့်ထားပြီးသည့်အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို ရာထူးသက်တမ်း တစ်ခုဟု မသတ်မှတ်ရ။

(င) အကြောင်းတစ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူး နေရာလစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် မူလရာထူးသက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

၁၄။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးသည် သတ်မှတ်ထားသည့် အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိသည့်အခါ ပြည်ထောင်စုဝန်ကြီးသည် ယင်းဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အား ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲရမည်။

၁၅။ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၆။ (က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင်ရာထူး လစ်လပ်လျှင် ထိုလစ်လပ်သည့်နေရာတွင် အဖွဲ့ဝင်သစ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ခန့်ထားရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က စီမံဆောင်ရွက်သည့်မှုခင်းကိစ္စများသည် အဖွဲ့ဝင်ရာထူးလစ်လပ်သည့် အကြောင်းကြောင့်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက် တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း မပျက်ပြယ်စေရ။

အခန်း (၆)

စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို အလေအလွင့်၊ အဆုံးအရှုံး ၊ အပျက်အစီး၊ အပျောက်အရှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေတိုးတက်စေရေးအတွက် ဝန်ဆောင်မှုစရိတ်ကို ကျဆင်းစေသော နည်းလမ်းများဖြင့်သော်လည်းကောင်း၊ ဝန်ဆောင်မှုစွမ်းအားတိုးတက်စေသော နည်းလမ်းများဖြင့်သော်လည်းကောင်း အကျိုးအမြတ် တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ကချမှတ်ပေးထားသည့် ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနက သတ်မှတ်ပေးထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာ ဥပဒေများကို လိုက်နာစောင့်ထိန်းခြင်း၊

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှ

(စ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ရရှိစေခြင်း၊
(ဆ) လုပ်ငန်းစီမံကိန်းများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
(ဇ) နိုင်ငံတော်ကချမှတ်ပေးထားသော ငွေကြေးသုံးစွဲမှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်း၊
(ဈ) ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အတတ်နိုင်ဆုံး ဖြည့်စွမ်းအကောင်အထည်ဖော်ခြင်း၊
(ည) မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံရမည်။
(ဋ) လေယာဉ်၊ လေယာဉ်ရုံ၊ အလုပ်ဌာန၊ အလုပ်ဌာနခွဲများ၏ တာဝန်ခံဝန်ထမ်းများသည် မိမိတို့ တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံရမည်။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်သဘောတူညီချက်ဖြင့် ငွေချေးယူခြင်းနှင့် ငွေထုတ်ချေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။
(ခ) လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။
(ဂ) ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ အဖွဲ့အား အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထား၍ သို့မဟုတ် အမည်တင်သွင်းခန့်ထား၍ ထိုပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းသည့် အခများနှင့် စရိတ်ကြေးငွေများ ပေးနိုင်သည်။
(ဃ) နိုင်ငံတော်က လွှဲအပ်သော သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိသော မြေ၊ အဆောက်အအုံ၊ လေယာဉ်၊ ရဟတ်ယာဉ်၊ ယာဉ်၊ ယန္တရား၊ စက်ကိရိယာ၊ ကုန်ပစ္စည်းစသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပါအဝင် ပိုင်ဆိုင်မှုအားလုံးကို လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်။
(င) ကုန်စည်များလက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။
(စ) လုပ်ငန်းဆိုင်ရာဝန်ဆောင်ခနှုန်းများ၊ လုပ်ခနှုန်းများ၊ ထုတ်လုပ်မှုစံနှုန်းများ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့် ဝန်ဆောင်ခနှုန်းထားများ၊ အလုပ်ချိန်များ၊ အလုပ်ခွင် စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ပိုင်ခွင့်၊ ပြင်ဆင်ပိုင်ခွင့်ရှိသည်။
(ဆ) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို စီမံခန့်ခွဲမှု ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင် လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။
(ဇ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက်ရရှိထားသည့် တီထွင်မှုပိုင်ဆိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ မိမိခွင့်ပြုချက်မရရှိဘဲထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်လျှင် မည်သူ့ကိုမဆို တရားစွဲဆိုပိုင်ခွင့်ရှိသည်။
(ဈ) မိမိလုပ်ငန်းအတွက် မဖြစ်မနေ ရယူအသုံးပြုရန်လိုအပ်သည့် မြေ၊ အဆောက်အအုံတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး သုံးစွဲပိုင်ခွင့်ရှိသည်။
(ည) စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံနှင့် လေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းနိုင်သည်။
(ဋ) ငှားရမ်းခ၊ အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခွင့်ပြုခြင်းတို့ ပြုနိုင်သည်။
(ဌ) လေယာဉ်များ စက်ယန္တရားများ ပြင်ဆင်ရာမှ ရရှိသည့် သံ၊ သတ္တုနှင့် အခြားပစ္စည်းဟောင်းများ၊ ပစ္စည်းသစ်ဖြင့် လဲလှယ်အစားထိုးပြုပြင်ပေးလိုက်ရ၍ ထွက်ပေါ်လာသော ပစ္စည်းဟောင်းများ၊ ပိုလျှံနေသော သိုလှောင်ပစ္စည်းများအပါအဝင် အသုံးနည်းသောပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် အသုံးတည့်သော ပစ္စည်း များနှင့် လဲလှယ်ခြင်းတို့ ပြုလုပ်နိုင်သည်။
(ဍ) ပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများ၊ လေကြောင်းဆိုင်ရာ ကျွမ်းကျင်သောဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။
(ဎ) စီမံခန့်ခွဲရေးဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရေးအတွက် လိုအပ်သော ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းပြုနိုင်သည်။

အခန်း (၇)
ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ

၁၉။ မြန်မာ့လေကြောင်းသည် -
(က) နှစ်စဉ်ဝင်ငွေ၊ ထွက်ငွေ အခြေအနေများ ပေါ်လွင်စေရန် သင့်လျော်သည့် ပြည်တွင်း ပြည်ပဘဏ်၌ ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်း ဖွင့်လှစ်ထားရှိ ဆောင်ရွက်ရမည်။
(ခ) မိမိရရှိသော နိုင်ငံခြားဝင်ငွေကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိရမည်။
(ဂ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် လည်းကောင်း၊ ဝင်ငွေ၊ ထွက်ငွေ အခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။
(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သော သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များအား သင့်လျော်သည့် ပြည်တွင်း ပြည်ပဘဏ်များမှ ချေးယူသုံးစွဲခြင်း၊ တာဝန်ယူ ပြန်လည်ပေးဆပ်ခြင်း ပြုနိုင်သည်။
(င) မိမိ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ပြည်ပ ချေးငွေရယူရန် လိုအပ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချေးယူသုံးစွဲရမည်။
(စ) မိမိ၏ ဝန်ထမ်းများအတွက် ပင်စင်ရန်ပုံငွေကို သီးခြားထားရှိရမည်။
(ဆ) ဝန်ထမ်းများက လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ရန် ကိစ္စများအတွက် တည်ဆဲဥပဒေ ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။
(ဇ) နှစ်စဉ် နိုင်ငံတော်က သတ်မှတ်ပေးသည့် ထည့်ဝင်ငွေကို ပေးသွင်းပြီးနောက် ကျန်သည့်အသားတင်အမြတ်ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကို ထားရှိရမည်-
(၁) ဆုကြေးရန်ပုံငွေ၊
(၂) သက်သာချောင်ချိရေးရန်ပုံငွေ၊
(၃) ဖွံ့ဖြိုးမှုရန်ပုံငွေ၊
(၄) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊
(၅) လှည့်ပတ်ရန်ပုံငွေ၊
(၆) အခြားလိုအပ်သော ရန်ပုံငွေ၊
(ဈ) ရာနှုန်းပြည့် နိုင်ငံပိုင်ဖြစ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စရပ်များတွင် ငွေကြေးအကျိုးအမြတ် မယူဘဲ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရေး အစိုးရအဖွဲ့ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အကျိုးအကြောင်း ပြည့်စုံစွာဖြင့် ခွင့်ပြုချက် လျှောက်ထား တောင်းခံနိုင်သည်။
(ည) ထိရောက်သည့်စစ်ဆေးကြပ်မတ်မှု ရှိစေရန် ဌာနတွင်း စာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။
(ဋ) အောက်ပါ စာရင်းများကို ဝန်ကြီးဌာနမှ ညွှန်ကြားသည့်အတိုင်း တင်ပြရမည်-
(၁) ငွေသားအခြေအနေ၊
(၂) လက်ကျန်ရှင်းတမ်း၊
(၃) အရှုံး၊ အမြတ်စာရင်း၊
(၄) ဝန်ထမ်းအင်အားစာရင်း၊
(၅) ကုန်ပစ္စည်းထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း။
(ဌ) ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန် အကူအညီပေးခြင်းများအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။
(ဍ) ငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အသိအမှတ်ပြုသော စာရင်းစစ်အဖွဲ့ထံ အပ်နှံ၍ စစ်ဆေးခံရမည်။

အခန်း (၈)
တားမြစ်ချက်များ

၂၀။ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သူမဆို-
(က) လေယာဉ်ခပေးဆောင်ခြင်းမှ ကင်းလွတ်ရန် ရည်ရွယ်ချက်ဖြင့် လေယာဉ်ခကြိုတင်ပေးဆောင်ခြင်း မပြုဘဲ၊ မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် စီးနင်းလိုက်ပါခြင်း၊ စီးနင်းလိုက်ပါရန် ကြိုးစားအားထုတ်ခြင်းမပြုရ၊
(ခ) မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် တစ်ခုခုသော ခရီးအတွက် လက်မှတ်ဝယ်ယူ စီးနင်းလိုက်ပါပြီးနောက် အဆိုပါ ခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် ထိုကျော်လွန်သည့် ခရီးအတွက် နောက်ထပ်လေယာဉ်ခပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် နောက်ထပ်လေယာဉ်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် တမင်ဆက်လက်စီးနင်းလိုက်ပါခြင်းမပြုရ၊
(ဂ) မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် တစ်ခုခုသော ခရီးအတွက် လက်မှတ်ဝယ်ယူ စီးနင်းလိုက်ပါပြီးနောက် အဆိုပါ ခရီးသို့ ရောက်ရှိကြောင်းသိလျက်နှင့် လေယာဉ်မှ ထွက်ခွာသွားရန် တမင်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်းမပြုရ၊
(ဃ) လူနှင့်အတူယူဆောင်သော ပစ္စည်းများအတွက် တန်ဆာခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝပေးဆောင်ခြင်း မပြုဘဲ သို့မဟုတ် ကျသင့်သော တန်ဆာခကို အပြည့်ပေးဆောင်ခြင်းမပြုဘဲ မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် လူနှင့်အတူ ပစ္စည်းများတင်ဆောင်ခြင်း၊ တင်ဆောင်ရန် ကြိုးစားအားထုတ်ခြင်း မပြုရ၊
(င) အမှန်တကယ်ကျသင့်သော လေယာဉ်ခကို ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် လေယာဉ်နေရာ အဆင့်အတန်း တစ်ခုအတွက် လေယာဉ်ခ ပေးဆောင်လျက် ထိုနေရာအဆင့်အတန်းထက် မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်းမပြုရ၊
(စ) မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် စီးနင်းလိုက်ပါလျက် လေယာဉ်၏ အရာထမ်း အမှုထမ်းများက လေယာဉ်လက်မှတ်ဝယ်ယူရန် တောင်းဆိုသော်လည်း လေယာဉ်လက်မှတ်မဝယ်ယူခြင်း သို့မဟုတ် လေယာဉ်လက်မှတ် ထုတ်ပြရန် တောင်းဆိုသော်လည်း လေယာဉ်လက်မှတ်ထုတ်မပြခြင်း သို့မဟုတ် ခရီးအဆုံးတွင် လေယာဉ်လက်မှတ်ပြန်အပ်ရန် တောင်းဆိုသော်လည်း လေယာဉ်လက်မှတ် ပြန်မအပ်ခြင်းမပြုရ၊
(ဆ) မြန်မာ့လေကြောင်းပိုင် လေယာဉ်တွင် စီးနင်းလိုက်ပါသော သူတစ်ဦးအတွက် ကျသင့်သော လေယာဉ်ခကို ပေးဆောင်ခြင်းမှ လွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်အား လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း မပြုရ၊
(ဇ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခအပြည့် ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ မြန်မာ့လေကြောင်းပိုင် လေယာဉ်ပေါ်တွင် မရိုးသားသောနည်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း၊ တင်ဆောင်ရန် ကြိုးစား အားထုတ်ခြင်းမပြုရ၊
(ဈ) မြန်မာ့လေကြောင်းပိုင် လေယာဉ်များတွင် အသုံးပြုသော လူစီးလက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားလက်မှတ်ကို သို့မဟုတ် ပုံစံများကိုဖြစ်စေ၊ မရိုးသားသောနည်းဖြင့် အစားထိုးအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ခြင်း၊ အတုပြုလုပ်ရန် ကြိုးစားအားထုတ်ခြင်း၊ အတုလက်မှတ်ကိုဖြစ်စေ၊ ပုံစံများကိုဖြစ်စေ၊ ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်းမပြုရ၊
(ည) လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် လေယာဉ်မှူး၊ လေယာဉ်သားနှင့် ခရီးသည်များအား အနှောင့်အယှက်ဖြစ်စေသော ကိုယ်နှုတ်အမူအယာဖြင့် ပြုမူခြင်း၊ မူးယစ်ရမ်းကားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ တာဝန်ဝတ္တရားနှောင့်ယှက်ခြင်း မပြုရ။

အခန်း (၉)
ပြစ်ဒဏ်

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါတားမြစ်ချက်များအနက် တစ်ခုခုကိုကျူးလွန်ရန်ကြိုးစားအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။
၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါတားမြစ်ချက်များအနက် တစ်ခုခုကို ကျူးလွန်ဖောက်ဖျက်လျှင် ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၁၀)
ဆုကြေးငွေချီးမြှင့်ခြင်း

၂၃။ မြန်မာ့လေကြောင်းသည် -
(က) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လုပ်ငန်းရပ်တစ်ခုခြင်းအလိုက် သတ်မှတ်စံချိန်စံနှုန်းဖြင့် တွက်ချက်ထားသည့် အပိုကြေးကို ခံစားခွင့်ပြုနိုင်သည်။
(ခ) မိမိ၏စီမံကိန်းလျာထားချက်အတိုင်းဖြစ်စေ၊ အနည်းဆုံး သတ်မှတ်ထားသော စီမံကိန်းလျာထားချက်အတိုင်းဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အပြင် သတ်မှတ်ထားသော လုပ်ငန်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်း သော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်လျှင်သော် လည်းကောင်း ဆုကြေးချီးမြှင့်ပိုင်ခွင့်ရှိသည်။
၂၄။ ဝန်ထမ်းများသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

အခန်း (၁၁)
အထွေထွေ

၂၅။ မြန်မာ့လေကြောင်း၏ အရာထမ်းအမှုထမ်းအားလုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ သို့မဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော အပြုအမူကို ပြုသောအခါ ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။
၂၆။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုသော်လည်းကောင်း၊ စီမံခန့်ခွဲရေးအဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကိုသော်လည်းကောင်း၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။
၂၇။ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားရှိ အပိုဒ် (၁၄၉) သည် မြန်မာ့လေကြောင်းကဖြစ်စေ၊ မြန်မာ့လေကြောင်းကိုယ်စားဖြစ်စေ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။
၂၈။ မည်သူမဆို ပုဒ်မ ၁၈ ပါတားမြစ်ချက်များအနက် တစ်ခုခုကိုကျူးလွန်ရန်ကြိုးစားအားထုတ်လျှင် ရဲအရာရှိ အရေးယူပိုင်သော ပြစ်မှုများအဖြစ်မှတ်ယူရမည်။
၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -
(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့လေကြောင်းသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
၃၀။ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ အမှတ် ၃၉ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မွေးနေ့မင်္ဂလာဆုတောင်း

Uncle DEAN @ ဦးသန်းအောင်

Draught and Distribution Manager,

Myanmar Carlsberg Co.,Ltd.

ကိုကိုမွေးနေ့ ၄-၃-၂၀၁၄

ပြီးခဲ့သော မွေးနေ့တွေထက် ဒီနှစ်မွေးနေ့က ကိုကို့အတွက် တန်ဖိုးအကြီးဆုံးဖြစ်နေတယ်။

ကောင်းသောဆု၊ တောင်းသောဆု အားလုံးဟာ ကိုကို့အတွက်ဆိုတာသေချာသွားပြီ။

အသက်တစ်နှစ်ပိုကြီးလာတာနဲ့အမျှ ပိုပြီးမြင့်မားလာတဲ့ ကိုကို့ရဲ့ သည်းခံမှုတရား၊ မြင့်မြတ်မှုတရား မျှတမှုတရား၊ လူတိုင်းအပေါ် စေတနာထားမှု အဲ့ဒီအတွက် လေးစားဂုဏ်ယူလျက်။

ကိုကိုကျန်းမာပါစေ

ချစ်ဇနီး ခင်

မွေးနေ့မင်္ဂလာဆုတောင်း

ဒေါ်တင်တင်မေ ("ကြည်သာ"စိန်ရွှေရတနာဆိုင်နှင့်"ခေတ်သစ်"စိန်ရွှေရတနာဆိုင် သယ်န်းကျွန်းဈေးကြီးနှင့် စံပြငမိုးရိပ်ဈေးကြီး)၏ ၄-၃-၂၀၁၄ရက်တွင် ကျရောက်သောမွေးနေ့ရက်မြတ်တွင် ပြုလုပ်ပြီး၊ ပြုလုပ်ဆဲ၊ ပြုလုပ်လတ္တံ့သော ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်အစုစုတို့အား အကြိမ်ကြိမ်သာဓုခေါ်ဆိုရင်း ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊ သာယာချမ်းမြေ့မှုအပေါင်း ခညောင်းပြီး မိသားစုနှင့်အတူတကွ ဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်. . . .

ချစ်ခင်ပွန်း - သီဟသုဓမ္မမဏိဇောတဓရ ဦးကိုကိုလတ်

ချစ်သားကြီး - ဒေါက်တာနေထက်မင်း M.B,B.S(Ygn)

ချစ်သားလတ် - ဒေါက်တာနန်းထက်မင်း M.B,B.S(Ygn)

ချစ်သမီးထွေး - မဆုဇာသိမ့်[နောက်ဆုံးနှစ်အပိုင်း(ခ)၊ဆေးတက္ကသိုလ်(၂)ရန်ကုန်]

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၃) (၃၄) (၃၅) (၃၆) (၃၇) အာစရိယပူဇော်ကန်တော့ပွဲ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၃) (၃၄) (၃၅) (၃၆) (၃၇)တို့ရှိ သင်တန်းသားများကို ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တပည့်များမှ ပူဇော်ကန်တော့ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၀၁၄ခုနှစ်၊ မတ်လ ၂၉ရက် (စနေနေ့)

ကျင်းပမည့်အချိန် - မွန်းလွဲ ၁ နာရီ

ကျင်းပမည့်နေရာ - Dolphin Restaurant

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများထံ ဖိတ်စာများပေးပို့ရန်စီစဉ်ထားပြီးဖြစ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ ပန်ကြားအပ်ပါသည်။

ညီအစ်ကို သူငယ်ချင်းများမှလည်း အခမ်းအနားသို့ မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

၁။ ဦးကျော်သူထိုက်	၀၉-၅၁၃၉၄၀၇	၂။ ဦးမျိုးဆွေ	၀၉-၄၄၈၀၀၀၂၅၀
၃။ ဦးမျိုးခိုင်သိန်း	၀၉-၈၃၀၁၃၄၄	၄။ ဦးဝင်းဟန်ဦး	၀၉-၅၀၀၀၅၄၄
၅။ ဦးထွန်းလူ	၀၉-၈၆၃၀၈၉၇	၆။ ဦးရဲဝင်းထွဋ်	၈၆၀၁၂၃၅
၇။ ဦးဇော်ဝင်းငွေ	၀၉-၈၆၃၆၉၆၉	၈။ ဦးအောင်ကျော်ကျော်	၀၉-၅၁၃၇၂၄၇
၉။ ဦးနေဝင်းလှိုင်	၀၉-၅၀၁၅၉၀၀	၁၀။ ဦးကျော်ရဲ	၀၉-၄၅၀၀၄၈၇၉၄

ပဥ္စလက် (၁)

EXCELLENT အနုပညာသင်တန်းကျောင်း

(Audio Music) Drum Dancer

PIONEER ပိုဘိုင်းဖုန်းသင်တန်းကျောင်း

HARDWARE SOFTWARE TRAINING SCHOOL(YANGON)

SPECIAL PROMOTION 50% OFF

-HARDWARE 300000 KS → 150000 -SOFTWARE 300000 KS → 150000

(Section March (15)

နေထိုင်ရေးအတွက် ပြီးပြည့်စုံသော ပြပွဲကြီး

HOUSING & BUILDING EXPO with HOME APPLIANCES

6~9,March 2014 Tatmadaw Hall

အိမ်ရာ၊ အဆောက်အအုံနှင့် နေထိုင်မှု ပြပွဲကြီး

SMART BUSINESS GROUP

095 095 095

CRANE

518 474, 09 509 4914,0943 164 788

8-9-10

12.3.2014

ပါမောက္ခ ဦးသိန်းလှိုင်

အင်္ဂလိပ် စကားပုံငါးရာ

အင်္ဂလိပ်-မြန်မာနှစ်ဘာသာ

(အသုံးပြုပုံများ ဖော်ပြထားသည်။)

မိသားစုစာပေ-ဖုန်း-၀၁-၂၁၅၉၁၉၊ ၀၉၅၀၀၇၅၂၉

ပိုးဧကရာ

ကိုယ်သမိုင်း သူ့သမိုင်း နိုင်ငံသမိုင်း

ပါမောက္ခ၊ ကထိက ဆရာကြီးများ

ဦးစီးသင်ကြားသည်

V.I.P ဘော်ဒါ/ဝိုင်း

(၈/၉/၁၀)တန်း

(၁၀)ဦး ဘော်ဒါ

(ဘော်ဒါကြေး တစ်လချင်း သွင်းနိုင်သည်)

တိုက်-၆/၂၀၂/အထက်ပုဇွန်တောင်လမ်းမကြီး၊

Ph: 09-73034838, 09-73193278

INSIGHT ACCOUNTING

ဝမ်းနည်းကြေကွဲခြင်း
ဦးယုံစိန်(သုဓမ္မမဏိဇောတဓရ)
အသက်(၈၇)နှစ်

ဦးရဲမြင့်ဦးနှင့် မောင်နှမများ (Golden One Star Co.,)၏ဖခင် ဦးယုံစိန်သည် ၂-၃-၂၀၁၄ရက် နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဖနီး
မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်မေသိန်း (၆၄)နှစ်

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၏ဇနီး ဒေါ်တင်မေသိန်းသည် ၂၈-၂-၂၀၁၄ ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း

၂၆-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဒေါက်တာမျိုးမြင့် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သာသနာရေးဝန်ကြီးဌာန)နှင့် ၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဒေါ်တင်တင်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်မြို့) ဆရာနှင့်ဆရာမကြီးတို့အတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဒေါ်မာလာနေဝင်း (၅၉)နှစ်
ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန (ပုသိမ်တက္ကသိုလ်)

ဦးမြတ်ကို(ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်ဧကရီခိုင် (ကထိက-ငြိမ်း)တို့၏ ညီမ၊ Captain ဦးတင်မောင်အေး၏ ချစ်လှစွာသော ဇနီး ဒေါက်တာဒေါ်မာလာနေဝင်းသည် ၂၄-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး
